မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၅၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwon အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ချစ်ကြည်ရေးခရီး ရောက်ရှိလာသည့် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၉ နာရီခွဲတွင် ထိုင်းဘုရင့်တပ်မတော်အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✡

ဖေဖော်ဝါရီ ၂၈ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon နှင့် အဖွဲ့အား ရန်ကုန်မြို့ ကာကွယ်ရေးဝန်ကြီးဌာန ရိပ်သာသစ်ကြီးရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်း-၈)(သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး ဆောင်းပါး အညွှန်း

❒ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် တိုင်းရင်းသားလုပ်ငန်းရှင်များက နိုင်ငံတော်၏ အားပေးမှုကိုရယူပြီး စက်မှုဇုန်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်။ (ခေါင်းကြီး(စာ-၂))

❒ နိုင်ငံတော်၏ စေတနာမေတ္တာ၊ တံတားတည်ဆောက်ရေး အတတ်ပညာရှင်များ၏ အတတ်ပညာ၊ လုံ့လဝီရိယနှင့် စိတ်ဓာတ်စွမ်းအားတို့ကြောင့် အိပ်မက်တံတားသည် မော်လမြိုင်မြို့နယ် ပြည်သူများ၏ ဘဝတံတား၊ အလှတံတားအဖြစ် အောင်မြင်ပြီးမြောက်ခဲ့ပါပြီ။ ခရီးလမ်းအသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပါလေပြီ။ (ခင်ဆွေမြင့်(မြန်မာစာ)၏ဆောင်းပါး (စာ-၁၀))

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၁ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်နှင့်တိုင်းအားလုံး တစ်ပြေးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာစေရန် ဖော်ဆောင်ပေးလျက် ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးခိုင်မာစေရန်အတွက် ဆောင်ရွက်ဖွယ်ရာများကို နိုင်ငံတော်က ဆောင်ရွက်နိုင်သည်နှင့်အမျှ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန် ချမှတ်ထားသော လမ်းကြောင်းမှန်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး တက်ညီလက်ညီ လျှောက်လှမ်းသွားကြရမည် ဖြစ်သည်။

တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝတိုးတက်စေရန် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် ပြည်နယ်နှင့်တိုင်း နယ်မြေဒေသများအားလုံးတွင် စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ တိုးတက်မြင့်မားလာခဲ့ပြီး လူတစ်ဦးချင်း၏ တစ်နှစ်ပျမ်းမျှဝင်ငွေမှာလည်း မြင့်မားတိုးတက် လာလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ သမားရိုးကျနည်းလမ်းဖြင့်သာမက ခေတ်သစ်အတွေးအခေါ်၊ ခေတ်သစ်အကြံအစည်များဖြင့် လမ်းသစ်ထွင်၍ ကြိုးစားလုပ်ကိုင်ကြရန် လိုအပ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဖေဖော်ဝါရီလ၂၄ရက်နေ့က စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာစက်မှုဇုန်အကြီးစားသံရည်ကျိုစက်ရုံနှင့် စက်ပစ္စည်းထုတ်လုပ်ရေးစီမံကိန်းသို့ရောက်ရှိပြီး စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက စက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားရာ၌ –

“စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီစက်ကိရိယာများ စနစ်တကျ ကိုင်တွယ်အသုံးပြုရေးအတွက် ကျွမ်းကျင်ပညာရှင်များစုဆောင်းလေ့ကျင့်သွားရန်၊ စက်မှုဇုန်အချင်းချင်း အပြန်အလှန် သွားရောက်လေ့လာပြီး တိုးတက်သည်ထက် တိုးတက်အောင် ယှဉ်ပြိုင် ကြိုးစားကြရန်”

ပြောကြားသွားသည်။

ဒေသအတွက်၊ ပြည်သူအတွက်နှင့် နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယှဉ်ပြိုင်အကောင်အထည်ဖော်ရာ၌ ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး လုပ်ဆောင်ကြရမည်ဖြစ်သည်။ မိမိတို့၏ဆောင်ရွက်ချက်များသည် ပြည်သူများ၏ဘဝ တိုးတက်ပြည့်စုံရေးအတွက် ပင်ဖြစ်သည်ကို ခံယူထားကြရမည် ဖြစ်သကဲ့သို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှသာ ခေတ်မီနိုင်ငံတော်ဖြစ်ပေါ်လာမည်ကိုလည်း သိမြင်ထားကြရမည် ဖြစ်သည်။

နိုင်ငံတော်က ပြည်နယ်နှင့်တိုင်းများတွင် စက်မှုဇုန်များ ထူထောင်ပေးထားရာ စစ်ကိုင်းတိုင်းသည် စက်မှုအခြေခံရှိသည့် တိုင်းဖြစ်၍ နိုင်ငံတော်က အလေးထားအားပေးမှုများကို အခြေခံပြီး စက်မှုဇုန်များ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြရမည် ဖြစ်သည်။

စစ်ကိုင်းတိုင်းအတွင်းရှိ စက်မှုဇုန်များဖြစ်သည့် ကလေးစက်မှုဇုန်တွင် အရေးပေါ် လူနာတင်ယာဉ်များ၊ ချင်းတွင်းစတား မော်တော်ကားများ၊ CNG ဓာတ်ငွေ့သုံးမော်တော်ယာဉ်များ၊ ရွှေဘိုစက်မှုဇုန်တွင် ဂျစ်ကားများ၊ ဘက်ထရီစွမ်းအင်သုံး ကောက်ရိတ်စက်များ၊ လက်ကိုင်စပါးရိတ် ကိရိယာများ၊ လေးဘီးထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ လက်တွန်းထွန်စက်များ၊ မုံရွာစက်မှုဇုန်တွင် အကြီးစားသံရည်ကျိုလုပ်ငန်းများ၊ စက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများနှင့် မော်တော်ယာဉ်များ စသည်တို့ကို ထုတ်လုပ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် တိုင်းရင်းသားလုပ်ငန်းရှင်များက နိုင်ငံတော်၏ အားပေးမှုကိုရယူပြီး စက်မှုဇုန်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁-၃-၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (တတိယနှစ်-မြန်မာစာ) **“နေရီရီဝတ္ထု”**
၅း၃၀ ၉။ ပညာခေတ်
၄း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရင်မှာတိုးတှေ့မွေးနေဆဲ”** (အပိုင်း-၉)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မျက်နှာဖုံးလူနှင့် ရွှေမင်းသမီး”** (အပိုင်း-၈)

နိုင်ငံတကာ သတင်းများ

၂၀၃၀ပြည့်နှစ်တွင် အိန္ဒိယလူဦးရေ တရုတ်ကိုကျော်သွားမည်

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၇

အိန္ဒိယနိုင်ငံသည် ၂၀၃၀ပြည့်နှစ်အရောက်တွင် ကမ္ဘာ့လူဦးရေအများဆုံး တရုတ်ထက် ကျော်လွန်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် ၄၀ ရာခိုင်နှုန်း တိုးတက်လာကာ ၉ဒသမ ၁ ဘီလီယံရှိလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏လေ့လာဆန်းစစ်ချက်အသစ်အရ သိရသည်။

၂၀၀၄ ခုနှစ်၏ လေ့လာဆန်းစစ်ချက်အရ တရုတ်နှင့်အိန္ဒိယတို့သည် နေရာချင်း ပြောင်းလဲရဖွယ်ရှိကြောင်း အိန္ဒိယနိုင်ငံ၏ ယခုနှစ်လူဦးရေသည် ၁ဒသမ ၁၀၃ဘီလီယံရှိရာမှ ၂၀၅၀ပြည့်နှစ်တွင် ၁ ဒသမ၅၉၃ဘီလီယံရှိချိန်တွင် တရုတ်နိုင်ငံသည် ၁ ဒသမ၃၁၆ ဘီလီယံမှ ၁ ဒသမ ၃၉၂ဘီလီယံသို့ရှိလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူဦးရေအဖွဲ့က ကြိုတင်ခန့်မှန်းထားသည်။

အမ်အင်အေ၊ပီတီအိုင်

ပင်လယ်ရေအောက်ကမ္ဘာကို လေ့လာနိုင်မည့် ရေအောက်ဟိုတယ်ကြီးဘဟားမားကမ်းလွန်၌တည်ဆောက်မည်

မီယာမီ ဖေဖော်ဝါရီ ၂၇

ဖလောရီဒါစီးပွားရေးလုပ်ငန်းက ဘဟားမတ်စ်၌ တည်ဆောက်ရန် စီစဉ်ထားသည့် အလွန်ဇိမ်ကျသည့် ရေအောက်ဟိုတယ်အခန်းထဲတွင် မည်သူမဆို ဒေါ်လာ ၁၅၀၀ဖြင့် ငါးမန်းများကို မျက်နှာချင်းဆိုင် ကြည့်ရှုကာ စားသောက်တည်းခိုနိုင်မည့် အခွင့်အလမ်းတစ်ရပ် မကြာမီရရှိတော့မည်ဖြစ်သည်။

စိတ်ဝင်စားသောသူများသည် စစ်မှန်သော ဝန်ဆောင်မှုများကို ကမ္ဘာပေါ်တွင် အခြားဘယ်နေရာတွင်မျှ ရှာစရာမလိုတော့ဘဲ ၎င်းနေရာတွင် တွေ့ရမည်ဖြစ်ကြောင်း ဒေါ်လာသန်း ၄၀ အကုန်အကျခံတည်ဆောက်မည့် အဆိုပါစီးပွားရေးလုပ်ငန်း အကြီးအကဲ ဘရစ်ဂျုံးစ်က ပြောကြားသည်။

တည်ဆောက်မည်

အဆိုပါ ရေအောက်ဟိုတယ်ကြီးသည် ဘဟားမား ကျွန်းနိုင်ငံ ကမ်းလွန်ပင်လယ်ရေအောက် ပေ ၅၀အနက်တွင် တည်ဆောက်မည်ဖြစ်ကြောင်း၊ ယင်းဟိုတယ်ကြီးကို ရေအောက်လိုဏ်ခေါင်းနှစ်ခုနှင့် ဓာတ်လှေကားတစ်စင်းတို့ဖြင့် ဆက်သွယ်ထားမည်ဖြစ်ကြောင်း၊ ဖိအားမှာလည်း ပင်လယ်ရေမျက်နှာပြင်ကဲ့သို့ တူညီစေလိမ့်မည်ဖြစ်ကြောင်း ဂျုံးစ်က ပြောကြားသည်။

တွေ့ရမည်

ယင်းရေအောက် ဟိုတယ်ကြီးတွင် ကိုယ်ပိုင်စားသောက်ဆိုင်၊ ဘားဆိုင်၊ စိတ်ကူးယဉ်ဖွယ်ရာ သန္တာဥယျာဉ်၊ အပူပိုင်းငါးလိပ်ကြီးများ အမျိုးပေါင်းစုံလင်စွာ တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းတို့၏အခန်းများမှ ငါးမန်းများနှင့် ပင်လယ်ရေအောက်ကမ္ဘာ၏ မြင်ကွင်းများကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း ဂျုံးစ်ကပြောကြားသည်။

၎င်းဟိုတယ်ကြီးသည် ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ကြီးဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊အေအက်ဖ်ပီ

အရှေ့တောင်အာရှရှိ မြို့ကြီးများ တောမီးလောင်ကျွမ်းရာမှ မီးခိုးများဖုံးလွှမ်း

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၇

တောမီးများလောင်ကျွမ်းရာမှ မီးခိုးများသည် အရှေ့တောင်အာရှ မြို့ကြီးများကို ဖုံးလွှမ်းခဲ့ကြောင်း၊ လွန်ခဲ့သောဆယ်စုနှစ်က ယင်းဒေသတွင် မီးခိုးများဖုံးလွှမ်းခဲ့မှုကို အမှတ်ရစေရန်လှုံ့ဆော်လိုက်ခြင်းပင်ဖြစ်ကြောင်း သတင်းတစ်ရပ်က ဖော်ပြသည်။

အဆိုပါကာလက မလေးရှား၊ အင်ဒိုနီးရှား ဆူမတြားကျွန်းနှင့် စင်ကာပူတို့တွင် တောမီးလောင်ကျွမ်းမှုရာပေါင်းများစွာ ဖြစ်ပေါ်ခဲ့ကြောင်း၊ မလေးရှားနိုင်ငံတစ်ခုတည်းပင်လျှင် ဧက ၂၁၂၅၀ ကျော် တောမီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ယင်းမီးလောင်ကျွမ်းမှုများကြောင့် ၁၉၉၇ခုနှစ်နှင့် ၁၉၈၈ခုနှစ်တို့တွင် ၎င်းဒေသ၌ တောမီးခိုးများ ထူထပ်သိပ်သည်းစွာ ဖုံးလွှမ်းခဲ့ပြီး လယ်ယာလုပ်ငန်း၊ ခရီးသွားနှင့် ပို့ဆောင်ရေးလုပ်ငန်းများ ပျက်စီးမှုကြောင့် ဒေါ်လာကိုးဘီလီယံဖိုး ဆုံးရှုံးနစ်နာခဲ့ကြောင်း သိရသည်။

ယင်းတောမီးခိုးများကြောင့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရွှေ့ဆိုင်းခဲ့ရကြောင်း၊ ဆူမတြား၌ ကျောင်းများ ယာယီပိတ်ထားရကြောင်း၊ မလေးရှားနိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးထိခိုက်မှုများ ဖြစ်ခဲ့ကြောင်း ဖော်ပြထားသည်။

စင်ကာပူကျွန်းနိုင်ငံသည်လည်း မီးခိုးများဖုံးလွှမ်းမှုအောက်တွင် ကျရောက်ခဲ့ရကြောင်း၊ လွန်ခဲ့သော ၂၉နှစ်အတွင်း အဆိုးရွားဆုံး မီးခိုးဖုံးလွှမ်းမှုဖြစ်ကြောင်း ဖော်ပြထားသည်။ သက်ဆိုင်ရာအစိုးရများက ပြည်သူများအား တောမီးရှို့မှုများ မလုပ်ရန်နှင့် သောက်ပြီးဆေးလိပ်များ သစ်တောများအတွင်း ပစ်မချရန် သတိပေးတားမြစ်ထားသည်။

အမ်အင်အေ၊ရိုက်တာ

✱ ကျောဖုံးမှ

သီဆိုပူဇော်

ယင်းနောက်နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အနုပညာဦးစီးဌာနမှ အဆိုတော် မသပြေက စောင်းဦးစိုးတင့်နှင့်တွဲဖက်၍ ထူးမခြားနား သီချင်းခန့်ဖြင့် သီဆိုပူဇော်သည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပြင်ဦးလွင်မြို့ ပုညကာရီ ခဲလယ်ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုမနထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

နှင့် ပရိတ်ချည်တို့ကို ယူဆောင်၍ စေတီတော်ပရိဝုဏ်အတွင်း ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးတို့သည် မဟာရွှေမြင်တင်စေတီတော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်အား ရည်မှန်း၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပြင်ဦးလွင်မြို့ ပုညကာရီခဲလယ်ကျောင်းဆရာတော်အား ဆက်ကပ်လှူဒါန်းပြီး လှူဖွယ်ပစ္စည်းများကိုလည်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် မန္တလေးတိုင်း သံဃနာယကအဖွဲ့

ဆက်လက်၍ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော် ဘက်စုံပြုပြင်မွမ်းမံလျက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်အသစ်များ တင်လှူရာတွင် အမှားအယွင်းရှိပါက ခွင့်လွှတ်ပါရန် တောင်းပန်လွှာကို အလှူရှင်များကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဖတ်ကြားသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ပြင်ဦးလွင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကန်ဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏိသာရထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ကိုးပါးသီလခံယူဆောက်တည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်း၊ အလှူရှင်များနှင့် ပရိသတ်များက ပြင်ဦးလွင်မြို့ ပုညကာရီခဲလယ်ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုမနထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားတွင် စေတီတော်အား ရည်မှန်း၍ စိန်ဖူးတော်ကို ပြင်ဦးလွင်မြို့ ပုညကာရီခဲလယ်ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုမနထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ ဥက္ကဋ္ဌ (စတုဘုမ္မိက) ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တဝိဇယအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အလှူရှင်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မန္တလေးတိုင်း ပြင်ဦးလွင်မြို့ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်မဏ္ဍပ်ရုံကြီး၌ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် စေတီတော်တွင် တင်လှူမည့် စိန်ဖူးတော်အား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လည်းကောင်း၊ ငှက်မြတ်နားတော်အား ဇနီး ဒေါ်မြမြစန်းက လည်းကောင်း စေတီတော်အား လက်ယာရစ်လှည့်လည် ပူဇော်နိုင်ရန် ပင့်ဆောင်ကြသည်။

ပင့်ဆောင်

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီးတို့က ဟင်္သာရုပ်ကို လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူး၊ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အလှူရှင်များသည် ဆပ်သွားဖူး၊ စိန်ပန်းခိုင်၊ ခေါင်းလောင်းများနှင့် ရွှေထီးတော်ဘုံအဆင့်များကို လည်းကောင်း ပင့်ဆောင်ကြသည်။

ထို့နောက် ဒေဝါဝင်း ရာဇာဝင်းနှင့်အတူ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို မဟာရွှေမြင်တင်စေတီအား လက်ယာရစ်လှည့်လည်၍ ရွှေထီးတော်တင်မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ရာတွင် အနုပညာဦးစီးဌာန မန္တလေးဌာနခွဲမှ အနုပညာရှင်များက ဓမ္မတေးများဖြင့် ပူဇော်ကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ရွှေထီးတော်ဘုံဆင့်များကို နံ့သာရည်များပက်ဖျန်းပေးပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် အေးမြမေတ္တာ ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

စာမျက်နှာ ၄ ကော်လံ ၄

စာမျက်နှာ ၃ မှ

ဆက်လက်၍ စိန်ပန်းခိုင်၊ ဆပ်သွားဖူး၊ ဟင်္သာရုပ်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော် စသည်တို့ကို နံ့သာရည်များပက်ဖျန်း၍ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

တင်လှူပူဇော်

ထို့နောက် စေတီတော်အထွတ်၌ ကြိုတင်ရောက်ရှိနေကြသည့်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ရွှေထီးတော် ဘုံဆင့်များနှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်ပေးကြသည်။

စေတီတော်အထွတ်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို တင်လှူပူဇော်အပြီးတွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးရွှေနန်းတင်က အမျှဝေစာတမ်းကို ဖတ်ကြားသည်။

ရွှေမိုးငွေမိုးရွာသွန်း

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုး ရွာသွန်းကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား ဓမ္မာရုံ၌ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ရွှေထီးတော်ဘုံအဆင့်ဆင့်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ကြစဉ်။ (သတင်းစဉ်)

မဟာ ရွှေမြင်တင်စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာ အောင်မြင်ခြင်းအထိမ်းအမှတ် ရွှေမိုး ငွေမိုး ရွာသွန်းဖြိုး

လှည့်လည်အပူဇော်ခံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်အပူဇော်ခံစဉ်။ (သတင်းစဉ်)

ဟင်္သာရုပ်ပင့်ဆောင်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ဟင်္သာရုပ်ကို ပင့်ဆောင်၍ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်အပူဇော်ခံကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဂုဏ်ပြုဖျော်ဖြေတင်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ လဟာပြင်ကဇာတ်ရုံ၌ ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်လျက်ရှိရာ ယမန်နေ့ည ၇ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့က အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဂုဏ်ပြုဖျော်ဖြေတင်ဆက်ပွဲသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

ဂုဏ်ပြုဖျော်ဖြေတင်ဆက်ပွဲတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့က ပဏာမညှော်ခံတီးလုံးဖြင့် လည်းကောင်း၊ တေးသံရှင်များဖြစ်ကြသည့် ရတနာဦး၊ ကော့မိုင်၊ လှမြင့်ဝင်း၊ ရွှေရည်သိန်းတန်၊ ကဗျာဘွဲ့မှူး၊ မျိုးမြင့်လေး၊ သီရိကိုကို၊ ဂျေညီမလေး၊ ထား၊ ဆုန်သင်းပါရ်၊ ရာဇာဝင်းတင့်၊ ပိုးအိစံ၊ သီတာမိုး၊ ရွှေရည်ဝင်းလက်၊ မေဘရဏီခိုင်၊ ဝေဝေသီ၊ ခင်နန်းယုထွေး၊ တီနန်းလုံနှင့် မြန်မာ့အသံအဖွဲ့သူများက အမျိုးသားညီလာခံဂုဏ်ပြုတေးအပါအဝင် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်းကို လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းကို လည်းကောင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့အတွက် ပေးအပ်ရာ အဖွဲ့ကိုယ်စား လက်ထောက် ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြက လက်ခံယူသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမျိုးသားညီလာခံဂုဏ်ပြုတေးသီချင်းဖြစ်သည့် 'ပန်းတိုင်းပွင့်၍ မွှေးသောမြေ'ကို ရေးစပ်သီကုံးသူ ဂီတစာဆိုမြင့်မိုရ်ဆွေအားလည်းကောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီ)က အမျိုးသားညီလာခံဂုဏ်ပြုတေး 'အလှဆုံးရှုခင်းပန်းချီ'သီချင်းကို ရေးစပ်သီကုံးသူ ဂီတစာဆို အကယ်ဒမီဂီတလုလင် ဦးကိုကိုအားလည်းကောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်က အမျိုးသားညီလာခံ ဂုဏ်ပြုတေး'ညွှိနှိုင်းဆွေးနွေး နိုင်ငံတော်အရေး' သီချင်းရေးစပ်သီကုံးသူ ဂီတစာဆို ဦးဂမုန်းအားလည်းကောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းအောင်က အမျိုးသားညီလာခံ ဂုဏ်ပြုတေးများဖြစ်သော 'ပန်းတိုင်းပွင့်၍ မွှေးသောမြေ'နှင့်'အလှဆုံး ရှုခင်းပန်းချီ' သီချင်းများသီဆိုသူ တေးသံရှင်ရတနာဦးအားလည်းကောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ် မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက အမျိုးသားညီလာခံဂုဏ်ပြုတေး 'လရောင်ဆမ်းမှလန်းသောပန်း' သီချင်းကို သီဆိုကြသော မြန်မာ့အသံအဖွဲ့သူများအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညှော်ခံဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း လဟာပြင်ကဇာတ်ရုံ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

သစ္စာတရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ၊B.A)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် မတ်၉ရက်မှ ၁၅ရက်အထိ ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ဓမ္မဒူတတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သာကေတမြို့နယ် ၁၀၈တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်၌ ကျင်းပမြဲဖြစ်သည့် ဓမ္မဒူတ ဓမ္မပူဇာတရားပွဲကို မတ် ၇ရက်တွင် ဘဒ္ဒန္တကောသလ္လ၊ ၈ရက်၌ အရှင်ဆေကိန္ဒ၊ ၉ရက်တွင် ဘဒ္ဒန္တကုသလ၊ ၁၀ရက်၌ ဘဒ္ဒန္တဝိဇယနှင့် ၁၁ရက်တွင် ဘဒ္ဒန္တပညာဝရတို့က ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ သဘောထားတင်ပြချက်စာတမ်းကို အတည်ပြုဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်က ရှင်းလင်းပြောကြားချက်အပေါ် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့တင်ပြမည့် မိမိတို့၏သဘောထားတင်ပြချက်စာတမ်းနှင့် စပ်လျဉ်း၍ အတည်ပြုဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ယင်းအစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဧရာဝတီတိုင်းမှ ဦးကြည်တင့်နှင့် ရန်ကုန်တိုင်းမှ ဦးမြအေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်က လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်က လည်းကောင်း ဆောင်ရွက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက ဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ဦးရှိသည့်အနက် ၉၂ဦးတို့တက်ရောက်ကြသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ ၉၂ရာခိုင်နှုန်းရှိ၍ ဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားညီလာခံကိုယ်စားလှယ် စစ်ကိုင်းတိုင်းမှ ဦးချစ်သန်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော်က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းနှင့်စပ်လျဉ်း၍ အစုအဖွဲ့ကိုယ်စားလှယ်များထံမှ သဘောထားရယူပြီး အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မအူကုန်းစံပြရပ်ကွက် ၁၃၉လမ်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်း တာမွေမြို့နယ် မအူကုန်းစံပြရပ်ကွက် ၁၃၉လမ်း နိုင်လွန်ကတ္တရာ လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက် နံနက်က ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

လမ်းသစ်ဖွင့်ပွဲသို့ မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(၁၁၅)**

တပ်မတော်စစ်သမိုင်းပြတိုက် ခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်နိုင်ရန် မတ် ၁ရက်မှစတင်၍ ပြည်သူများအား ဝင်ကြေးယူ၍ဖွင့်လှစ်ပြသခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး ၂၀၀၅ခုနှစ် မတ်၂၆ရက်တွင် နှစ် (၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲအဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာယာမည်

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့သာယာမည်။

အာဟာရလက်ဆောင်ပစ္စည်းများပေးအပ်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံတွင် ဆေးကုသမှု ခံယူလျက်ရှိသော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ရန်ကုန် တိုင်းမှ ဦးသန်းဝင်းအား တွေ့ဆုံအားပေးပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ စားသောက်ဖွယ်ရာ အာဟာရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

❐ *ကျောဖုံးမှ*

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူးနှင့် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံတပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား ဧည့်ခန်းမ၌တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံတပ်မှူးဗိုလ်မှူးချုပ်သန်းစိန်နှင့် တာဝန်ရှိသူများက ဆေးဝါးကုသမှုခံယူလျက်ရှိကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ကျန်းမာရေးနှင့် ဆေးဝါးကုသမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မင်္ဂလာဒုံရှိ အထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြသော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးစိုင်းလုံနှင့် ရန်ကုန်တိုင်းမှ ဦးသန်းဝင်းနှင့် နိုင်ငံရေးပါတီ

တွေ့ဆုံအားပေး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံတွင် ဆေးကုသမှု ခံယူလျက်ရှိသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်အောင်သန်းအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

များမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်အောင်သန်းတို့အား တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများမေးမြန်းအားပေးစကားပြောကြားပြီး အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆေးဝါးကုသမှုခံယူလျက်ရှိကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စားသောက်ဖွယ်ရာများကို တစ်ဦးချင်းစီသို့ ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံမှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ရေနံအထွက်တိုးရေး ရေနံမြေများလှည့်လည်စစ်ဆေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဖေဖော်ဝါရီ၂၅ရက် နံနက်ပိုင်းတွင် မကွေးတိုင်းအတွင်းရှိ ထောက်ရှာပင်-ကမ်းနီရေနံမြေသို့ရောက်ရှိပြီး ရေနံမြေရိပ်သာတွင် မန်နေဂျာနှင့်တာဝန်ရှိသူများအားတွေ့ဆုံကာ ရေနံအထွက်တိုးရေးနှင့် အလေအလွင့်ဆုံးရှုံးမှုနည်းပါးစေရေး ကြိုးပမ်းဆောင်ရွက်သွားရန် ညွှန်ကြားမှာကြားခဲ့ပြီး ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် မင်းလှမြို့နယ်ရှိ ဒဟက်ပင်နှင့် ရေနံမရေနံမြေများသို့ရောက်ရှိကာ တာဝန်ရှိသူများနှင့်အတူ ရေနံမြေများအတွင်း လှည့်လည်စစ်ဆေးကြည့်ရှုသည်။

ဖြည့်ဆည်းပေး

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၆ရက်နံနက်ပိုင်းတွင် ဆက်လက်ထွက်ခွာလာရာ မြန်အောင်ရေနံမြေသို့ရောက်ရှိခဲ့ပြီး ထုတ်လုပ်မှုစမ်းသပ်ရန်ပြင်ဆင်လျက်ရှိသော တွင်းအမှတ် ၁၆၈တူးဖော်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးကာ အချိန်မီလုပ်ငန်းအောင်မြင်စွာဆောင်ရွက်နိုင်ရေး မှာကြားခဲ့ပြီး လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းပေးသည်။

စစ်ဆေးကြည့်ရှု

ဖေဖော်ဝါရီ၂၇ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရွှေပြည်သာရေနံမြေသို့ရောက်ရှိပြီး ရေနံမြေအတွင်းရှိ တူးဖော်လျက်ရှိသော တွင်းအမှတ်(၅၅)နှင့် ဆက်လက်တူးဖော်မည့် တွင်းအမှတ်(၅၆)အတွက် တွင်းနေရာ ပြင်ဆင်နေမှုတို့အား လှည့်လည်စစ်ဆေးကြည့်ရှုသည်။

ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ညောင်တုန်းရေနံမြေအတွင်း တူးဖော်လျက်ရှိသော တွင်းအမှတ်(၂၆) တူးဖော်နေမှုအခြေအနေအား ကြည့်ရှုအားပေးခဲ့ပြီး ရေနံမြေရိပ်သာတွင် ဝန်ထမ်းများနှင့် တွေ့ဆုံကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊အလေအလွင့်နည်းပါးစေရေးနှင့်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးများဆောင်ရွက်သွားရန် ဆွေးနွေးညှိနှိုင်း မှာကြားခဲ့ပြီး ဆက်လက်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ညောင်တုန်းရေနံမြေ တွင်းအမှတ်(၂၆) တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဆွမ်းဆန်တော်များလောင်းလှူ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ပရိယတ္တိ ပဋိပတ္တိ သာသနာပြု မူလဆယ်တောင်ပြည့်ကျောင်းတိုက်အတွင်းရှိ ရန်ပြေအေး ဆယ်တောင်ပြည့်စေတီတော်မြတ်ကြီးအား ဒုတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ငါးရက်တိုင် ဆရာတော်ဦးကုဏ္ဍဓဇလ ဦးဆောင်၍ တပည့်ဒါယကာ ဒါယိကာမများက စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ပြီး ဖေဖော်ဝါရီ ၂၃ရက်တွင် အလှူရှင်များက သံဃာတော် ၂၀၇ ပါးတို့အား ဆွမ်းဆန်တော်များ လောင်းလှူကြကြောင်း သိရသည်။ **(က-ပ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မြန်မာနိုင်ငံ တွင် ချစ်ကြည်ရေးခရီး လည်ပတ်ပြီးနောက် ပြန်လည်ထွက်ခွာမည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေ ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwonအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ယင်းသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန် တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Col.Prissapa Suvanatat နှင့် တာဝန်ရှိသူများလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၃နာရီ ၁၅မိနစ်တွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လေဆိပ်ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

လက်ဆောင်ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော်ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwonအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwonနှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ပြန်လည် ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

အမှတ်တရ လက်ဆောင်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဧည့်သည်တော် ထိုင်း နိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်း ဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယို တိပ်ခွေတို့ကို အမှတ်တရ လက် ဆောင်အဖြစ် ပေးအပ်စဉ်။

(သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်နှင့် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်တို့အား ဖူးမြော်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူး Col. Prissapa Suvanatatနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဆက်ကပ်ပူဇော်

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဧည့်ခံ တန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များ ဆက်ကပ် ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်သည် စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးပြီးအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

လှည့်လည်ကြည်ညို

ဆက်လက်၍ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင် စနေထောင့်ရှိ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကန်တော့ကြပြီး အဓိဋ္ဌာန်အောင်မြေမှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ သာသနိက အဆောက်အအုံများကို လှည့်လည်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်သို့ရောက်ရှိကြရာ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ငွေလှူဒါန်း

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ဆက်ကပ် ပူဇော်ကန်တော့ကြပြီး အလှူငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မင်းဓမ္မကုန်းတော် ဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော်အားသွားရောက်ကြည့်ရှုလေ့လာကြရာ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

အင်းစိန်စာပေနှင့်စာနယ်ဇင်းအဖွဲ့ လေ့လာရေးခရီးထွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ အမှုဆောင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ–တောင်တွင်းကြီး) ခေါင်းဆောင်၍ မတ် ၆ ရက်တွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ သန်လျင်နှင့် တိုင်းရင်းသားကျေးရွာ လေ့လာရေးခရီး သွားမည်ဖြစ်သည်။ လိုက်ပါလိုသည့် မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များ မတ် ၃ ရက် နောက်ဆုံးထားပြီး အဖွဲ့ခေါင်းဆောင် ဦးဘိုကြည်နှင့် မြို့နယ် စာပေနှင့်စာနယ်ဇင်းရုံးသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ဝ၄၆)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwon နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကာကွယ်ရေးဝန်ကြီးဌာန ရိပ်သာသစ်ကြီးရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Suphot Dhirakaosal နှင့် စစ်သံမှူး Col.Prissapa Suvanatatတို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၂၈ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwon အား ရန်ကုန်မြို့ ကာကွယ်ရေး ဝန်ကြီးဌာန ရိပ်သာသစ်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်အား ဂုဏ်ပြုနေ့လယ်စာတည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwon ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီ တွင် ရန်ကုန်မြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန ရိပ်သာသစ်ကြီး၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Suphot Dhirakaosal ၊ စစ်သံမှူး Col.Prissapa Suvanatat နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon နှင့် အဖွဲ့အား ရန်ကုန်မြို့ ကာကွယ်ရေးဝန်ကြီးဌာန ရိပ်သာ သစ်ကြီး၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwonတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင်၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwonတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Suphot Dhirakaosal၊ စစ်သံမှူး Col. Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အလေးပြုခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဆက်လက်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁-၃-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ မင်းလှရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၂ခုနှစ်)
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၇။ ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၄၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၁၅ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၇၂)
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၁၉:၁၅ ၁၃။ မြန်မာစာ မြန်မာစကား
၁၉:၃၀ ၁၄။ ကြေးမုံရိပ်သွင် တေးနုယဉ်
၁၉:၄၀ ၁၅။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉:၄၅ ၁၆။ **အမျိုးသားညီလာခံ ဂုဏ်ပြုတေး**
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၄၃)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

နွေရာသီ ယဉ်ကျေးမှု သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

လယ်တီ ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းကို မတ် ၁၃ ရက်မှ ၂၀ ရက်အထိ နံနက် ၈နာရီမှ ၁၀နာရီ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ သင်ကြားပို့ချမည်ဖြစ်ရာ စမ်းချောင်း မြို့နယ် ပြည်လမ်း အမှတ် ၃၃၇/က(မဟာမြိုင်မှတ်တိုင်)လယ်တီ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်၍ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

စာအုပ်လှူဒါန်းပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲ(ပဉ္စမအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - **၆-၃-၂၀၀၅ (တနင်္ဂနွေနေ့)**
အချိန် - **နံနက် (၉)နာရီ**
နေရာ - **ပြန်ကြားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။**

စာအုပ်/ငွေပဒေသာပင် လှူဒါန်းလိုကြသော စေတနာရှင်၊အလှူရှင်များသည် အချိန်မီ တက်ရောက်လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများ ဆက်သွယ်ပါရန်

ဖုန်း - ၃၇၁၃၃၉
ဖုန်း - ၃၇၉၇၆၉
ဖုန်း - ၂၅၂၄၅၁

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

အိပ်မက်တံတား

ခင်ဆွေမြင့်
(မြန်မာစာ)

"အိပ်မက်တံတား"ဟူသော စကားအလှသည် ကျွန်မ၏ ကိုယ်ပိုင်ဝေါဟာရမဟုတ်ပါ။ ဖေဖော်ဝါရီလ ၅ ရက်နေ့က ဖွင့်လှစ်ခဲ့သော "သံလွင်တံတား(မော်လမြိုင်)"ကို တာဝန်ရှိသူတစ်ဦးက တင်စားခေါ်ဆိုခဲ့သော အလင်္ကာပန်းတစ်ပွင့်ဖြစ်သည်။ အလွန်ဆီလျော်လှပသောကြောင့် ကျွန်မ နှစ်သက်စွာယူငင်သုံးစွဲလိုက်ခြင်း ဖြစ်သည်။

ဖေဖော်ဝါရီလ ၆ ရက်နေ့ထုတ် နေ့စဉ်သတင်းစာများတွင် ကဗျာရှင်လှမင်း(လျှပ်စစ်)ကလည်း-

"ထွန်းလိုင်ကျော်ပိုး၊ ဒို့အမျိုးအတွက်
အိပ်မက်တံတား၊ မျက်ဝါးထင်ထင်"

ဟု မှတ်တမ်းတင် ဂုဏ်ပြုထားပါသည်။

မော်လမြိုင်နှင့် မုတ္တမဆိပ်ကမ်းကို ဆက်သွယ်သော သံလွင်မြစ်ကို ဖြတ်သန်းသည့် "သံလွင်တံတား(မော်လမြိုင်)"သည် တကယ်ပင် အိပ်မက်တံတား ဖြစ်ပါသည်။ ဤတံတားကို ကျွန်မတို့ အိပ်မက်မက်ခဲ့တာ ကြာခဲ့ပါပြီ။ ဘယ်သောအခါ တွင်မှ ဖြစ်လာနိုင်လိမ့်မည်ဟု ဘယ်လိုမှ မထင်မှတ်ထားခဲ့သော အိပ်မက်ထဲမှ ချစ်သူသာ ဖြစ်ခဲ့သည်။

အဘယ်ကြောင့်နည်း။

သံလွင်မြစ်သည် ရေစီးအလွန်သန်လှပါသည်။ မော်လမြိုင်မြို့သည် သံလွင်မြစ်ဝ၊ တစ်နည်းအားဖြင့် သံလွင်မြစ်၊ ဂျိုင်းမြစ်နှင့် အတ္တရံမြစ်-မြစ်သုံးခုတို့၏ ဆုံစည်းရာနေရာအနီးတွင် တည်ရှိသည်။ ရေစီးလည်းသန် ရေပြင်လည်းကျယ်လှသော ဤသံလွင်မြစ်၏ ဟိုမှာဘက်ကမ်းမှ မုတ္တမနှင့် သည်မှာဘက်ကမ်းမှ မော်လမြိုင်တို့ကို အဘယ်သို့လျှင် တံတားတည်ဆောက်နိုင်ပါမည်နည်း။

"သံလွင်တံတား(မော်လမြိုင်)"ဆောက်မည်ဆိုပါလျှင် ခေတ်မီနက်ရှိုင်းသော နည်းပညာနှင့် မမျှော်မှန်းနိုင်လောက်အောင် ကုန်ကျမည့်ငွေကြေးပမာဏအတိုင်းအဆ၊ ကုန်ကျစရိတ်မြောက်မြားစွာကို ကာမိထေမိစေမည့် စီးပွားရေးအကျိုးအမြတ် စသည်စသည်တို့ကို အင်ဂျင်နီယာပညာနှင့် စီးပွားရေးပညာကို တစိုးတစိမျှ မသိသော ကျွန်မသည် ကိုယ့်ဘာသာကိုယ် တွက်ချက်ပြီး ဘယ်လိုမှမဖြစ်နိုင်ဟုသာ ကောက်ချက်ချခဲ့သည်။

ယခုမူ နိုင်ငံတော်၏ စေတနာမေတ္တာ၊ တံတားတည်ဆောက်ရေးအတတ်ပညာရှင်များ၏ အတတ်ပညာ၊ လုံ့လဝီရိယနှင့် စိတ်ဓာတ်စွမ်းအားတို့ကြောင့် အိပ်မက်တံတားသည် မော်လမြိုင်မြို့နယ် ပြည်သူများ၏ "ဘဝတံတား"၊ "အလှတံတား"အဖြစ် အောင်မြင်ပြီးမြောက်ခဲ့ပါပြီ။ ခရီးလမ်းအသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပါလေပြီ။

တကယ်တော့ ဤဆောင်းပါးကို"သံလွင်တံတား(မော်လမြိုင်)"ဆောက်မည်ဟု စတင်ကြားသိရစဉ်ကတည်းက ကျွန်မ ရေးချင်ခဲ့သည်။ အသက် ၈၀ တွင်းသို့ ရောက်နေပြီဖြစ်သော ကျွန်မ အမေသည်ပင် သူ့ဇာတိမြို့အတွက် ဝမ်းမြောက်မဆုံး ဖြစ်နေပါသည်။ သို့သော် အမှန်တကယ် ဝန်ခံရမည်ဆိုပါလျှင် ရေစီးသန်လှ၊ ကျယ်လွန်းလှသော သံလွင်မြစ်ဆိုကို ကျွန်မ မယုံကြည်ရဲခဲ့ပါ။ ဒီတံတား တကယ်ဖြစ်လာနိုင်ပါ့မလားဟု မရွံ့မရဲဖြစ်ခဲ့မိသည်။

မော်လမြိုင်သူဖြစ်သော ကျွန်မသည် အခြားသူများနည်းတူ ကျွန်မ၏ ဇာတိရေမြေကို အလွန်ချစ်ပါသည်။ ချမ်းသာကြွယ်ဝစေချင်သည်။ တိုးတက်စေချင်သည်။ တည်ငြိမ်စေချင်သည်။ ခရီးလမ်းပန်းသာစေချင်သည်။ သို့သော် ရေမြေသဘာဝပတ်ဝန်းကျင် အလွန်လှပပြီး ကိုလိုနီခေတ် အဆောက်အအုံများကြောင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ အလွန်စိတ်ဝင်စားကြသော မော်လမြိုင်ဒေသအတွက် ရေအလျဉ်အဟုန်ကြီးသော ဤသံလွင်မြစ်ကြီးက အတားအဆီးတစ်ခု ဖြစ်နေသည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသူဘဝ၊ မော်လမြိုင်တက္ကသိုလ် ဆရာမဘဝ၊ ခင်ပွန်းသည်နောက်သို့ လိုက်ပါနေထိုင်ရသော အိမ်ရှင်မဘဝ၊ တစ်ခါတစ်ရံ အမေ့အိမ်ရိပ်ကို ပြန်လည်ခိုဝင်ရသောဘဝ၊ နောက်ဆုံး ကျန်းမာရေးအခြေအနေအရ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ရသော ဖခင်ကြီးက သူတစ်သက်ပတ်လုံး စုဆောင်းထားသော စာအုပ်များကို သူ့ကျောင်း အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မော်လမြိုင်နှင့် မော်လမြိုင်တက္ကသိုလ်သို့ ပြန်လှူလိုသော ကိစ္စ စသောစသော အကြောင်းကိစ္စများစွာတို့ဖြင့် ကျွန်မသည် သံလွင်မြစ်ကို ကူးတို့ဖြင့် အကြိမ်ကြိမ်ကူးပြီး မုတ္တမ-ရန်ကုန်ရထားကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် စီးခဲ့သည်။

မော်လမြိုင် တစ်ခေါက်ပြန်ဖို့အရေး၊ ရန်ကုန်တစ်ခေါက်သွားဖို့ အရေးများအတွက် ကားတစ်တန်၊ ရထားတစ်တန်၊ သံလွင်မြစ်ကူး ကူးတို့သင်္ဘောများ၊ ဇက်ကူးတို့ယာဉ်များတစ်တန်ဖြင့် ဆင်းရ၊ တက်ရ၊ နောက်တစ်ခါ ပြန်ဆင်းရ၊ ပြန်တက်ရဖြင့် အတန်တန်သွားခဲ့ရသည်။ ပိုက်ဆံလည်းကုန်၊ ခွန်အားလည်းကုန်၊ တန်ဖိုးအရှိဆုံးဖြစ်သောအချိန်မှာမူ မမျှော်မှန်းနိုင်လောက်အောင် ကုန်ဆုံးခဲ့သည်။

ကိုလည်း မမေ့နိုင်ခဲ့ပါ။ ရေစီးသန်ပြီး ဝဲဂယက်များဝေ့လည်နေသော သံလွင်မြစ်လယ်တွင် အော်ရင်းဟစ်ရင်း အသက်ဆုံးရှုံးကြရသူများသတင်းကို ထိတ်လန့်တုန်လှုပ်စွာ ကြားကြရသည်။ ကူးတို့သင်္ဘောနှင့် အဆင်မပြေသောကြောင့် လှေဖြင့်ဖြတ်ကူးရာမှ သံလွင်မြစ်ရေတွင် အသက်စွန့်သွားကြရရှာသောသူများလည်း များစွာရှိသည်။ အဘယ်မျှပင် အန္တရာယ်များသည်ဖြစ်စေ၊ အချိန်ကုန်လူပန်းရသည်ဖြစ်စေ ဒီခရီးကို ရင်တထိတ်ထိတ်ဖြင့် သွားမြဲ သွားခဲ့ကြရသည်။ မော်လမြိုင်သူနှင့်ဖူးစာဆုံခဲ့သော ကျွန်မ၏ခင်ပွန်းသည်ကမူ သံယောဇဉ်ဆွဲအားကြောင့်သာ မော်လမြိုင်ကို အခေါက်ခေါက်လာရသည်ဟု ပြောခဲ့သည်။ မိသားစုနှင့်အတူ နေရသောအခါတွင်မူ အလည်တစ်ခေါက်သွားဖို့ပင် တွေးရုံနှင့် စိတ်မောလူမောဖြစ်ရသည်ဟု ဆိုသည်။

အလွန်ကရိကထများပြီး အလွန်အဆင်မပြေ၊ အလွန်ပင်ပန်းဆင်းရဲ၊ အလွန်အန္တရာယ်များလှသော ဤခရီးသည် ယခုမူ အတိတ်သမိုင်းမှ ပုံရိပ်များအဖြစ် တဖြည်းဖြည်းဝေးဝေးပြီး မေ့မှိန်သွားရပေတော့မည်။

ကျွန်မအသက် ခြောက်နှစ်၊ ခုနစ်နှစ်အရွယ် စစ်တောင်းတံတားကြီးမပြီးမီက ရန်ကုန်သို့ ပထမဆုံးအကြိမ် သွားဖူးသည်။ စစ်တောင်းဘူတာတွင် ကျွန်မအဖေနှင့် အမေသည် ကလေးလေးယောက်ကို ဆွဲလွဲပြီး ရထားပေါ်မှ ကသောင်းကနင်း အပြေးအလွှားဆင်း၊ တစ်ဖက်ကမ်းသို့ ဇက်နှင့် ကျပ်ကျပ်သတ်သတ်ကူး၊ တစ်ဖက်ရထားပေါ်တွင် နေရာရအောင် အလုအယက်တိုးကြိတ်တက်ရသည်တို့ကို ကျွန်မ စွဲစွဲမြဲမြဲမှတ်မိနေသည်။ ရန်ကုန်တက္ကသိုလ်သို့ ကျောင်းတက်ရသောအခါတွင်မူ စစ်တောင်းတံတားကြီး ဆောက်ပြီးသွားပြီဖြစ်သည်။ ကျွန်မသည် စစ်တောင်းတံတားကို ရထားဖြင့်ဖြတ်တိုင်း ကလေးဘဝက စစ်တောင်းမြစ်ကူး အတွေ့အကြုံကို သတိရမြဲဖြစ်သည်။ တံတား၏ အရသာကိုလည်း တစိမ့်စိမ့်ခံစားနေမိပြီး ကျေနပ်မိမြဲ ဖြစ်သည်။

ယခုမူ-

စစ်တောင်းတံတားထက် ပိုမို၍ အိပ်မက်ဆန်လှသော "သံလွင်တံတား

မော်လမြိုင် တစ်ခေါက်ပြန်ဖို့အရေး၊ ရန်ကုန်တစ်ခေါက်သွားဖို့ အရေးများအတွက် ကားတစ်တန်၊ ရထားတစ်တန်၊ သံလွင်မြစ်ကူး ကူးတို့သင်္ဘောများ၊ ဇက်ကူးတို့ယာဉ်များ တစ်တန်ဖြင့် ဆင်းရ၊တက်ရ၊ နောက်တစ်ခါပြန်ဆင်းရ၊ ပြန်တက်ရဖြင့် အတန်တန်သွားခဲ့ရသည်။ ပိုက်ဆံလည်းကုန်၊ ခွန်အားလည်းကုန်၊ တန်ဖိုးအရှိဆုံးဖြစ်သောအချိန်မှာမူ မမျှော်မှန်းနိုင်လောက်အောင် ကုန်ဆုံးခဲ့သည်။

မုတ္တမဘူတာရောက်ပြီဆိုသည်နှင့် တိုးဝှေ့နေသော ခရီးသည်တွေကြားမှ အလုအယက်တိုးဆင်း၊ ဆိပ်ခံတံတားပေါ်တွင် အပြေးအလွှားသွား၊ ကူးတို့သင်္ဘော၊ ကူးတို့ဇက်များပေါ်သို့ တိုးဝှေ့ကျော်လွှားပြီး တက်ရသည်။ ခြေတစ်လှမ်းကုဋေတစ်သန်းလုပ်နေ၍ မရ။ သင်္ဘောတွေ၊ ဇက်တွေက ခုရောက် ခုထွက်။ လူပြည့်ပြီဆိုသည်နှင့် ထွက်တော်မူ ကမ်းကခွာကြသည်။ မုတ္တမဘက်ကမ်းတွင် ကျန်နေလို့ကတော့ သမ္ဗန်နှင့် စက်တပ်လှေငယ်လေးတွေဖြင့် ကူးရဖို့သာရှိသည်။ သံလွင်မြစ်နံဘေးနားမှာ နေရ၍ သံလွင်မြစ်ကို အချစ်ကြီး ချစ်သော်လည်း သံလွင်ရေကို အကြောက်ကြီးကြောက်သော ကျွန်မအဖို့ လှေဖြင့်သာ သံလွင်ကို ဖြတ်ရမည်ဆိုပါလျှင် လှေထဲတွင် သတိပါလစ်သွားနိုင်သည်။ ဒါတောင်မှ သင်္ဘောပေါ်မှအဆင်း ကုန်းပေါင်တံတား လှုပ်တုပ်လှုပ်တုပ်ကို အထုပ်အပိုးတစ်ဖက်တစ်ချက်နှင့် အထိတ်ထိတ်အလန့်လန့် ဖြတ်ရသည်။ ကုန်းပေါင်ပေါ်က အထုပ်ပြုတ်ကျ၊ လူပြုတ်ကျသည့် သတင်းများကလည်း မကြားချင်အဆုံး။ ကြိတ်ကြိတ်တိုးနေသော ခရီးသည်များအကြား ခါးပိုက်နှိုက် ခံကြရသည်မှာလည်း နေ့စဉ်နှင့်အမျှ။ ကျွန်မကိုယ်တိုင်လည်း ကျောင်းသူဘဝက မုတ္တမဘက်ကမ်းအဆင်း ခေါက်ထီးတစ်လက်ပါသွား၍ နှမြောမဆုံး ဖြစ်ခဲ့ဖူးသည်။

သံလွင်မြစ်ကိုကူးရသည်မှာ အန္တရာယ်လည်း ကြီးလှပါသည်။ သံလွင်မြစ်ထဲတွင် မိုးကြီးလေကြီးမိပြီး "ရွှေနယား"သင်္ဘောမှောက်ခဲ့ဖူးသော သတင်း

(မော်လမြိုင်)"ကို ဖြတ်သန်းသွားရပါဦးတော့မည်။ စိတ်ဆင်းရဲ ပင်ပန်းခဲ့ရသော၊ ထိတ်လန့်တုန်လှုပ်ခဲ့ရသော ခရီးသွားအတွေ့အကြုံများကို အတိတ်အိပ်မက်တွင် ထားရစ်နိုင်ပါတော့မည်။

ပွင့်ပွင့်လင်းလင်း စကားပြောဆိုတတ်သော၊ ခင်မင်ဖော်ရွေသော၊ ဇာတိမြေကို ချစ်ခင်မြတ်နိုး တန်ဖိုးထားတတ်သော မော်လမြိုင်မြို့သူ မြို့သား၊ နယ်သူနယ်သားများသည် ရေမြေသဘာဝဝန်းကျင် လှပစိုပြည်ရုံမျှမက ခရီးလမ်းပန်းသာလာပြီဖြစ်သော မိမိရေမြေဒေသအတွက် ဂုဏ်ယူမဆုံး၊ ဝမ်းသာပီတိဖြစ်မဆုံး၊ ကြည်နူးမဆုံး ရှိကြပါလိမ့်မည်။

သူ့မြို့အတွက် သူပျော်နေသော ကျွန်မအမေမှာမူ လွန်ခဲ့သော ဆယ်လကဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ပါပြီ။ "တံတားပြီးရင် မေမေ မော်လမြိုင်သွားမယ်"ဟုဆိုသော သူမ၏ဆန္ဒ မပြည့်ဝခဲ့သော်လည်း ကျွန်မ၏ အမေသည် မြင့်ရာမြတ်ရာ တမလွန်ဘဝမှနေ၍ ခရီးလမ်းပန်းသာလှသည့် တံတားကြီးကို တွေ့မြင်ပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နေပါလိမ့်မည်။

မော်လမြိုင်ဒေသနေများနှင့်တကွ မော်လမြိုင်သို့ အလည်တစ်ခေါက်သွားရောက်လိုသည့် မြန်မာပြည်တစ်နံတစ်လျားမှ မြန်မာပြည်သူများအားလုံးကိုလည်း **အိပ်မက်တံတား**မှ လှိုက်လှဲပျူငှာ ကြိုဆိုလျက်ရှိပါသည်ဟု ကျွန်မကြည်နူးပီတိဖြစ်မိသည်များကို မျှဝေခံစားလိုက်ပါသည်။ ။

နိုင်ငံတော်က မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် သံလွင်မြစ်ကို ဖြတ်ကျော်၍ တည်ဆောက်ပေးထားသော အရှည် ၁၁၅၇၅ ပေ (နှစ်မိုင်ကျော်)ရှိ ကားရော ရထားပါ ဖြတ်သန်းသွားလာနိုင်သည့် သံလွင်တံတား (မော်လမြိုင်)ကို ဤသို့ခံ့ညားထည်ဝါစွာတွေ့ရသည်။



မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ မြစ်ကြီးနား၊ ဖားကန့်၊ အင်းတော်ကြီး၊ ရောဝတီတံတား(ရတနာပုံ)နှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းများသို့ လေ့လာရေးခရီးသွားရောက်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ကချင်ပြည်နယ် မြစ်ကြီးနား၊ ဖားကန့်၊ အင်းတော်ကြီးနှင့် မန္တလေးတိုင်းရှိ ရောဝတီတံတား(ရတနာပုံ)နှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းများသို့ လေ့လာရန်အတွက် သံတမန်များလေ့လာရေးခရီးစဉ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီး ဒေါ်လဲ့လဲ့ကြည်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme˚Phobe A. Gomez နှင့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်ဇနီးများ ပါဝင်သည့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါ၍ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီ ၃၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ မြစ်ကြီးနားလေဆိပ်သို့ နံနက် ၈ နာရီ ၅ မိနစ်တွင် ရောက်ရှိကြသည်။

သံတမန်များလေ့လာရေးခရီးစဉ်အဖြစ် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီး ဒေါ်လဲ့လဲ့ကြည်၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme˚Phobe A. Gomez နှင့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်ဇနီးများ ပါဝင်သည့်အဖွဲ့သည် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဒုတိယဝန်ကြီး ဦးဆောင်သော သံတမန်များ လေ့လာရေးအဖွဲ့အား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် ဇနီးတို့ အမှူးပြုသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများ၊ ဒေသခံတိုင်းရင်းသား ကျောင်းသားကျောင်းသူများကလိုက်လံ ပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် သံတမန်များလေ့လာရေးအဖွဲ့အား တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက နံနက် ၉ နာရီခွဲတွင် မလိခရိပ်သာ၌ လက်ခံတွေ့ဆုံပြီး ကချင်ပြည်နယ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် နံနက် ၉ နာရီ ၅၅ မိနစ်တွင် မေခနှင့် မလိခမြစ်တို့ ပေါင်းဆုံရာ မြစ်ဆုံအား ကြည့်ရှုလေ့လာရန် မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ မြစ်ဆုံသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိလေ့လာကြပြီး အမှတ်တရဓာတ်ပုံ ရိုက်ကူးကာ မြစ်ဆုံ၌ နေ့လယ်စာ စားသုံးကြသည်။ ဒုတိယဝန်ကြီးဦးဆောင်သော သံတမန်များလေ့လာရေးအဖွဲ့သည် မြစ်ဆုံမှ အပြန်တွင် ငြိမ်းချမ်းရေးဂေဟာ၊ ကချင်ကျမ်းစာသင် ကျောင်းများသို့ ဝင်ရောက်ကြည့်ရှုလေ့လာကာ မြစ်ကြီးနားမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ဂုဏ်ပြုညစာတည်ခင်း

ထို့နောက် ည ၇ နာရီတွင် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီးတို့က ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီး၊ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စား လှယ်များနှင့် ဇနီးများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။ ဂုဏ်ပြုညစာစားပွဲတွင် ကချင်ရိုးရာ တေးသီချင်းများ၊ ရိုးရာအကများဖြင့် ကပြဖျော်ဖြေခြင်း၊ မီးရှူးမီးပန်းများ မြိုင်ဆိုင်စွာ ပစ်ဖောက်ခြင်း၊ ဧရာဝတီ မြစ်အတွင်း ရောင်စုံဆီမီး ၁၀၀၀၀ မျှောခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ သံတမန်မိသားစုများ၏ ကိုယ်စား သံတမန်အဖွဲ့နာယကဖိလစ်ပိုင်သမ္မတ နိုင်ငံသံအမတ်ကြီးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန၏ကိုယ်စား နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ နှင့်ဇနီးတို့က ဂုဏ်ပြုပြန်ခြင်းနှင့် ငွေကျပ် နှစ်သိန်းစီကို အမှတ်တရလက် ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဒုတိယဝန်ကြီးနှင့် သံတမန်များ လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉နာရီခွဲတွင် မြစ်ကြီး နားမြို့ နမ့်ပေါင်လေတပ်စခန်းမှ နမ့်မော်မြို့သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၁၀နာရီတွင် နမ့်မော်မြို့သို့ ရောက်ရှိကာ တန်ချိန် ၃၀၀၀ ကျော် မြန်မာ့ကျောက်စိမ်း တုံးကြီးအား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် နမ့်မော်မြို့မှ ဆက်လက်ထွက်ခွာရာ မွန်းတည့် ၁၂ နာရီတွင် ဖားကန့်မြို့ သို့ရောက်ရှိကြသည်။ ဖားကန့်မြို့တွင် သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆို၍ ဒေသနှင့် ပတ်သက်ပြီး ရှင်းလင်းပြသကာ ဖားကန့်မြို့၌ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင်ရှိန်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ၍ အမှတ်တရလက် ဆောင်များပေးအပ်ခဲ့သည်။ ယင်းနေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် သံတမန်များ လေ့လာရေးအဖွဲ့သည် အင်းတော်ကြီးနှင့် သဘာဝသစ်တော ထိန်းသိမ်းထားရှိမှုများအား လေ့လာရန် အတွက် ရဟတ်ယာဉ်များဖြင့် ဆက် လက်ထွက်ခွာကြရာ မွန်းလွဲ ၁နာရီတွင် အင်းတော်ကြီးသို့ ရောက်ရှိကြပြီး သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန် ရှိသူများက ကြိုဆိုရှင်းလင်းပြသကာ အင်းတော်ကြီးအား လှည့်လည်ကြည့်ရှု လေ့လာကြသည်။ ထို့နောက်အင်းတော် ကြီးမှ ရဟတ်ယာဉ်များဖြင့် မြစ်ကြီး နားမြို့သို့ ပြန်လည်ထွက်ခွာကြပြီး ညနေပိုင်းတွင် နမ့်ပေါင်လေတပ် စခန်းသို့ပြန်လည်ရောက်ရှိကာ မြစ်ကြီး နားမြို့၌ ညအိပ်ရပ်နားကြသည်။

ဒုတိယဝန်ကြီး ဦးဆောင်သော သံတမန်များ လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ အထူး လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ ကချင်ပြည်နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် ဇနီးတို့အမှူးပြုသောစစ်ဘက်၊နယ်ဘက် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက လိုက်ပါပို့ ဆောင်နှုတ်ဆက်ကြသည်။ သံတမန် များ လေ့လာရေးအဖွဲ့သည် မန္တလေး တံတားဦးလေဆိပ်သို့ နံနက် ၉နာရီ ၃၆ မိနစ်တွင် ဆိုက်ရောက်ခဲ့ရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက ကြိုဆို နှုတ်ဆက်သည်။

ကြည့်ရှုလေ့လာ

ထို့နောက် သံတမန်များလေ့လာ ရေးအဖွဲ့သည် ဧရာဝတီတံတားစီမံကိန်း (ရတနာပုံ)သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြသည်။ ဧရာဝတီ တံတားစီမံကိန်း(ရတနာပုံ)တွင်ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုကြပြီး တံတားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ လေ့လာရေးအဖွဲ့က တည်ဆောက်ပြီး စီးမှု လုပ်ငန်းများကို ကြည့်ရှုလေ့လာ ကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့ သည် ရဲရွာရေအားလျှပ်စစ်စီမံကိန်း သို့ မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာ၍ စီမံကိန်းနှင့်ပတ်သက်ပြီး ရှင်းလင်းပွဲသို့ တက်ရောက်ကာ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင် များအား လှည့်လည်ကြည့်ရှုလေ့လာ ကြသည်။ ထို့နောက် လေ့လာရေး အဖွဲ့သည် မွန်းလွဲ ၂နာရီ မိနစ်၄၀တွင် မော်တော်ယာဉ်များဖြင့် တံတားဦး လေဆိပ်သို့ ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် လေဆိပ်သို့ရောက်ရှိ ကြသည်။ တံတားဦးအပြည်ပြည်ဆိုင် ရာလေဆိပ်တွင် ဒုတိယဝန်ကြီး ဦး ဆောင်သော သံတမန်များလေ့လာရေး အဖွဲ့အား အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် နေဝင်းနှင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များက နှုတ်ဆက် ကြပြီး လေ့လာရေးအဖွဲ့သည် အထူး လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ထွက်ခွာရာ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပုဗ္ဗန်တောင်မြို့နယ် မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ (၁၇၂) သာသန ဝေပုလ္လတိုက်အုပ်ကျောင်းတွင် ဧပြီ ၈ရက်မှ၁၈ရက်အထိ ၁၀ရက်တိုင်တိုင် အဓိဋ္ဌာန်တရားစခန်းပွဲ ကျင်းပမည် ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ ကမ္မဋ္ဌာနာ စရိယဆရာတော်ဦးကဝိသာရ (ဓမ္မာ စရိယ) အရှင်သူမြတ်နှင့် ဓမ္မကထိက ဆရာဦးဆန်းတင်တို့က ကျေးဇူးတော် ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် တရားတော်များ ဟောကြားပြသမည် ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖုန်း- ၂၀၁၂၈၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဂျပန်နိုင်ငံ သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ၏ စတုတ္ထအကြိမ် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆု ချီးမြှင့်ပွဲအခမ်းအနားကို မတ် ၆ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း မဟာသာသန ဝေပုလ္လကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းအခမ်းအနားတွင် ဗုဒ္ဓစာပေဆု သုံးဆု၊ တိပိဋက စာမေးပွဲ-ဒိဃနိကာယကောဝိဒ စာအောင်ဆု သုံးဆု၊ သကျသီဟ စာမေးပွဲစာချတန်း ပထမ၊ ဓမ္မာစရိယစာမေးပွဲ ဓမ္မာစရိယ(အဂ္ဂမဟာအကျော်)၊ ပထမပြန်စာမေးပွဲ ပထမကြီးတန်း ပထမ (ပထမကျော်)၊ ပထမလတ်တန်း ပထမ၊ ပထမငယ်တန်း ပထမ၊သီလရှင်ပထမကြီးတန်း ပထမ၊ ပထမလတ်တန်း ပထမ၊ ပထမငယ်တန်း ပထမ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အဘိဓမ္မာ ပထမ၊ အဘိဓမ္မာ ဂုဏ်ထူးဆောင် ပထမ၊ ဝိသုဒ္ဓိမဂ် ပထမ၊ တက္ကသိုလ်ဝင်စာမေးပွဲ(သိပ္ပံ) ပထမ နှစ်ဆု၊ (ဝိဇ္ဇာ) ပထမတစ်ဆုတို့ကို ချီးမြှင့်မည်ဖြစ်သည်။

ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆု ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုကြသော အလှူရှင်များသည် မိမိတို့၏ စေတနာသဒ္ဓါအလျောက် ရန်ပုံငွေ ကြီးကြပ်ရေး အဖွဲ့ မဟာသာသန ဝေပုလ္လကျောင်း ဖုန်း-၃၈၀၈၆၃နှင့် သာသနာရေး ဦးစီးဌာန စာမေးပွဲဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းလှ ဖုန်း-၆၆၀၇၆၆၊ ၆၆၃၃၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးနေ့ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စ၏ သက်တော် (၆၉)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ အထိမ်း အမှတ်အဖြစ် ရန်ကုန်ဇီဝိတဒါနသံဃာ့ ဆေးရုံ၌ ဆေးပဒေသာပင်၊ ရန်ကုန် မဟာစည်ရိပ်သာ ဟိတေသီအဖွဲ့၌ ဆွမ်းပဒေသာပင်၊ ရန်ကုန်နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ ဆွမ်းပဒေသာပင်၊ သာယာဝတီ ဘိုးဘွားရိပ်သာ၌ ဆေး ပဒေသာပင်၊ ရွှေဂုံတိုင် ကလေးပြုစု ရေး၌ ထာဝရပဒေသာပင်၊ ထောက်ကြန့် ကလေးပြုစုရေး၌ ထာဝရပဒေသာပင် များ လှူဒါန်းမည်ဖြစ်သည်။

မတ် ၁၂ ရက်တွင် ရွှေဂုံတိုင် ကလေးပြုစုရေးမှ ကလေးများနှင့် ထောက်ကြန့် ကလေးပြုစုရေးမှ ကလေးများကို နေ့လယ်စာထမင်းနှင့် အဝတ်များ လှူဒါန်းပြီး မတ် ၁၃ ရက် နံနက် ၉ နာရီတွင် စာသင်သား ကိုရင် အပါး ၇၀ တို့အား ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်များ လှူဒါန်းမည်ဖြစ်ရာ တပည့် ဒါယကာ ဒါယိကာမများ ဖုန်း- ၆၀၀၀၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **(က-ပ)**

ဟိုပင်မြို့နယ်တွင် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဟိုပင်မြို့နယ် ညောင်ပင်ကျေးရွာအုပ်စု တက်လက်ရွှေမော်တွင် စာပေ ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟို အမှုဆောင်ကော်မတီ ဝင်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအုန်းမောင် (ငြိမ်း)(မြင်းမူမောင်နိုင်မိုး)၊ ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)၊ ဒေါက်တာမောင်မောင်(မောင်ဆင်ခြင်)နှင့် ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)တို့က စာပေရေးရာများ ဟောပြောကြသည်။

ဟောပြောပွဲသို့ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံ တိုင်းရင်းသားစာပေဝါသနာရှင်များ စုစုပေါင်း ၈၀၀၀ခန့် လာရောက်နားထောင် ကြသည်။ အဆိုပါ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် စာရေးဆရာများသည် ဟိုပင်မြို့တွင်လည်း ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီကလည်း စာပေရေးရာများ ဟောပြောခဲ့ကြကြောင်းသိရသည်။

(က-ပ)

ဝန်ကြီးဗိုလ်ချုပ်စိန်ထွား အမျိုးသမီးပြုစုစောင့်ရှောက်ရေးဌာနစစ်ဆေး အမျိုးသမီးများအား အဝတ်အထည်များပေးအပ်၍ အားပေးစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၂၅ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းသို့သွားရောက်၍ ကျောင်းသားကျောင်းသူများ၏ စားရိပ်သာ၊ အိပ်ဆောင်၊ မျက်မမြင်သင်တန်းသားများ၏ ကွန်ပျူတာသင်ကြားမှု၊ အနုပညာဖျော်ဖြေမှုတို့ကို ကြည့်ရှုသည်။ ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့ အမျိုးသမီးစောင့်ရှောက်ရေးဌာန၏ အဆောက်အအုံများပြီးစီးမှု၊ အမျိုးသမီးများအား အိမ်တွင်းမှုပညာ သင်ကြားပေးမှုများကို ကြည့်ရှုစစ်ဆေး၍ အမျိုးသမီးများအား အဝတ်အထည်နှင့်စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်၍ အားပေးစကားပြောကြားသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၆ရက် နံနက်တွင် ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်းအတွင်းရှိ ငရုတ်ကောင်းစိုက်ခင်း၊ ကြက်သွန်နှင့်ရာသီသီးနှံစိုက်ခင်းများ ရေပေးဝေမှုစနစ်ဖြင့် သဘာဝရေထွက်များမှ စိုက်ပျိုးရန် ရေကြိုးပမ်းဆောင်ရွက်နေမှု၊ သင်တန်းသားစားရိပ်သာနှင့်ကျွေးမွေးမှုအခြေအနေ၊ မွေးမြူရေးလုပ်ငန်းများနှင့် ဗဟိုကင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် သင်တန်းကျောင်းစုဝေးခန်းမ၌ ကျောင်းမှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ပြင်ဦးလွင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ဂျုံစိုက်ခင်းနှင့် စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ဖေဖော်ဝါရီ ၂၆ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ ဗဟိုမီးသတ်သင်တန်းကျောင်း စုဝေးခန်းမတွင် တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေး မှာကြားစဉ်။

(မီးသတ်ဦးစီး)

ခန္ဓာဉာဏ်ရောက်တရားဟောကြားပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သာကေတမြို့နယ် ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပုညာနန္ဒသည် မတ်၃ရက်မှ ၁၃ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့၌လည်းကောင်း၊ မတ် ၁၄ ရက်မှ ၂၄ ရက်အထိ ညောင်ရွှေမြို့ ရွှေကျောင်းဓမ္မာရုံ၌လည်းကောင်း၊ မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ ရေဝတီတိုင်း ကျိုက်လတ်မြို့ ဗန်းမော်ကျေးရွာ၌ လည်းကောင်း တရားပွဲများကို ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ ညွှန်ကြားလွှာ အမှတ်(၄၅)အရ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ယဉ်ကျေးမှုစာပြန်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်က လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပစဉ်။

(၁၈၀)

ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ စေတနာထားဆောင်ရွက် ဒေသဖွံ့ဖြိုးရေးကြိုးပမ်းရန် ဝန်ကြီးဗိုလ်ချုပ်လှထွန်းမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်း အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်ထွန်းတို့ လိုက်ပါလျက် ယမန်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ မွန်ပြည်နယ်၊ ကရင်ပြည်နယ်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ လုပ်ငန်းဌာနအသီးသီးမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ် တာဝန်ခံအရာရှိများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်းတို့မှ ပြည်နယ်အဆင့် တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်း အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး အောင်မြင့်ထွန်းတို့က ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ရှင်းလင်းပြောကြားသည်။

နိုင်ငံအကျိုးသယ်ပိုး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဌာနအလိုက် လုပ်ငန်းများလျာထားချက်၊ ရည်မှန်းချက်များ ပြည့်မီရေးသာမက ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ပြည့်ဝမှန်ကန်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများအားလုံး ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ တာဝန်ထမ်းဆောင်ရင်း ဒေသအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းတို့၏ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ရောက်ရှိစစ်ဆေးပြီး ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဒေသဖွံ့ဖြိုးရေးကြိုးပမ်း

ထို့နောက် ဝန်ကြီးသည် ကျိုက်မရောမြို့နယ်နှင့် သထုံမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို စေတနာအရင်းခံထား၍ ဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၈ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး 'နဝဒေး'စာကြည့်တိုက်ဖွင့်ပွဲနှင့် အရှည်တည်တံ့ရေး အထောက်အကူပြုဆွေးနွေးပွဲကို ရပ်ကွက်ရုံးတွင် ပြုလုပ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြမြနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးကျော်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဖေဖော်ဝါရီ၁၉ ရက်က မရမ်းကုန်းမြို့နယ် အမက(၁၆) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ တတိယတန်းမှ ပညာရည်ချွန်ပထမဆုရ မောင်ကောင်းပြည့်စုံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အယ်စတာက ဆုချီးမြှင့်စဉ်။ (က-ပ)

ပိဋကတ်တော်စာအုပ်နှင့်အလှူငွေများ ဆက်ကပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

၂၀၀၄ခုနှစ် သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် တိပိဋက စာမေးပွဲ ဓမ္မာစရိယစာမေးပွဲ ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း စာမေးပွဲတွင် ထူးချွန်အောင်မြင်တော်မူကြသော အရှင်သူမြတ်များနှင့် သီလရှင်များအား မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလအသင်းက ပိဋကတ်တော်စာအုပ်များနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့မွန်းတည့်၁၂နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၄)လမ်းနှင့် အနော်ရထာလမ်းထောင့် အမှတ်(၁၈၇/၁၈၉)ရှိ အသင်း၏ အလှူမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ စာအောင်သံဃာတော်အရှင်သူမြတ်များ၊ မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းဥက္ကဋ္ဌ ဦးစောဖေညွန့်၊ အကျိုးဆောင်ချုပ် ဦးမြင့်သန်းနှင့် အသင်းဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိပိဋကစာမေးပွဲနှင့် ဗုဒ္ဓဘာသာစာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် ၆၉ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်သုံးပါးတို့အား ပိဋကတ်ကျမ်းစာအုပ်များနှင့် ဝတ္ထုငွေများကို အလှူရှင်များက ဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချအမျှပေးဝေကြသည်။ **(သတင်းစဉ်)**



ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့က စုဆောင်းရရှိခဲ့သော ဧရာဝတီ ကျောက်လွှာစုမှ တွေ့ရှိသည့် မိကျောင်းသွားများ။
(ယဉ်ကျေးမှု)

လွန်ခဲ့သည့်နှစ်ငါးသန်းမှ တစ်သန်းခန့်အတွင်းက ကျောက်ဖြစ်ရုပ်ကြွင်းများ မြန်မာနိုင်ငံအလယ်ပိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်းမှ ရှာဖွေတွေ့ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ရှေးဟောင်း သုတေသနဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန ရန်ကုန်၊ မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနနှင့်ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်တို့မှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များ ပါဝင်သော ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့သည် မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်သို့ ဖေဖော်ဝါရီ၁၅ရက်မှ ၂၂ရက်အထိ သွားရောက်ကွင်းဆင်းလေ့လာရှာဖွေခဲ့ရာ ပေါက်မြို့နယ်အတွင်းရှိ ချိုင်စောက်၊ ဆူးလေကုန်းနှင့် ခေါင်းပေါင်းကျေးရွာ ဝန်းကျင်ဒေသများမှ စတီဂိုဒွန်ဆင်၊ ဝက်မူလမျိုးနွယ်နှင့် ကြွံတို့၏ အောက်မေးရိုးနှင့် အံသွားများ၊ တောနွားတို့၏ အောက်မေးရိုး၊ အံသွားနှင့်ဦးချိုများ၊ ရေမြင်းမူလမျိုးနွယ်တို့၏ အံသွားများ၊ မိကျောင်း၏သွားများ၊ လိပ်၏ အရိုးမာချပ်ပြားများ၊ ခရုနှင့်ကမာကောင်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ဆင်စွယ်အပိုင်းအစများကို စုဆောင်းရရှိခဲ့သည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိရသည့် ကျောက်လွှာမှာ ဧရာဝတီ ကျောက်စဉ်စုမှ ကျောက်လွှာများ ဖြစ်ကြပြီး ဘူမိသက်တမ်းအားဖြင့် Plio-pleistocene (လွန်ခဲ့သည့်နှစ်ပေါင်း ငါးသန်းမှ တစ်သန်းခန့်) အချိန် ကာလက ဖြစ်သည်။

ယင်းအထောက်အထားများအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် လွန်ခဲ့သောနှစ်ပေါင်း ငါးသန်းမှ တစ်သန်းခန့်ကာလအတွင်းက ပင်လယ်ရေတိမ်ပိုင်း သို့မဟုတ် ကုန်းတွင်းရေအိုင်များ၊ ရွှံ့ညွန်တောများနှင့် သစ်တောကြီးများ ထူထပ်စွာပေါက်ရောက်ကာ ကုန်းနေသတ္တဝါနှင့် ရေနေသတ္တဝါများ အများအပြား ကျက်စား နေထိုင်ခဲ့ကြကြောင်း လေ့လာသိရှိရသည်။ **(သတင်းစဉ်)**

ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေး အဖွဲ့က မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ် ခေါင်းပေါင်းကျေးရွာမှ စုဆောင်း ရရှိခဲ့သော စတီဂိုဒွန်ဆင်၏ အောက်မေးရိုးနှင့်သွားများ။
(ယဉ်ကျေးမှု)

ခရစ်ကက်အဖွဲ့ချုပ် အမှုဆောင် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ပုံမှန်အစည်းအဝေးကို ယမန်နေ့က ကျင်းပရာ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်း (ရုပ်ရှင်သရုပ်ဆောင်)၊ ဒုတိယဥက္ကဋ္ဌဦးကျော်နိုင်နှင့်အမှုဆောင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် သဘာပတိဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အထွေထွေအတွင်းရေးမှူး ဒေါ်ဆွေဇင်ထိုက်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရစ်ကက်အဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ်ဦးကြီးမြင့်က ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြပြီးနောက် တက်ရောက်လာကြသော အမှုဆောင်များမှ ခရစ်ကက်ကစားနည်း လူထုအတွင်း ကျယ်ပြန့်စွာ ရောက်ရှိနိုင်ရေးအတွက် ဆွေးနွေးတင်ပြရာ ပြန်ကြားရေး တာဝန်ခံများဖြစ်ကြသော ဦးအောင်စိုးသာနှင့်ဦးကြည်မင်းတို့က လုပ်ဆောင်ထားရှိမှုများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် အခြားမြို့ကြီးများတွင် ခရစ်ကက် သရုပ်ပြကစားရန် စီစဉ်ထားမှုများကို တင်ပြပြီးနောက် ဥက္ကဋ္ဌ ဦးညွန့်ဝင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းကြီးတွင် နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်များနှင့် ခရစ်ကက်လက်ရွေးစင် အားကစားသမားများ၏ သရုပ်ပြယှဉ်ပြိုင်ပွဲနှင့်ဖျော်ဖြေမှု အစီအစဉ်များကို သကြင်္ကန်မတိုင်မီ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

လှော်ကားဥယျာဉ် တောင်သူလယ်သမားနေ့ ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်နံနက် ၈နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း ၂၀၀၅ ခုနှစ် မတ်၂ရက် (တောင်သူလယ်သမားနေ့)တွင် အများပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေအနားယူလေ့လာနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ကားလင်းဖလားဗိုလ်လုပွဲ ချယ်လ်ဆီးအသင်းအနိုင်ရဗိုလ်စွဲ

ကာဒစ်ဖ် ဖေဖော်ဝါရီ ၂၈

ချယ်လ်ဆီးအသင်းသည် ကားလင်းဖလားဗိုလ်လုပွဲတွင် လီဗာပူးအသင်းအား အချိန်ပိုဖြင့် သုံးဂိုး-နှစ်ဂိုးကစားပြီး မော်ရင်ဟိုလက်ထက်၌ ပထမဆုံးဆုဖလားကို တနင်္ဂနွေနေ့က ဆွတ်ခူးသွားခဲ့သည်။

သွင်းပေးခဲ့

ပွဲချိန်၄၃မိနစ်တွင် ဖာနန်ဒိုမိုရီရင့်တေးစ် ဖြတ်ပို့သော ဘောလုံးကို နော်ဝေတိုက်စစ်မှူး ဂျွန်အာနီရီဆဲလ်က လီဗာပူးအတွက် သွင်းပေးခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ဘောလုံးပိုင်ဆိုင်မှုများသော်လည်း လီဗာပူး နောက်ခံလူများကို မကျော်နိုင်ဘဲ ဖြစ်နေသည်။ ပွဲချိန်၇၅မိနစ်တွင် ချယ်လ်ဆီးတို့ချေပဂိုး ရရှိသွားခဲ့သည်။ ယင်းဂိုးမှာ လီဗာပူးမှ ဂျရတ်က ခေါင်းတိုက်ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိခြင်းဖြစ်သည်။

ဂိုးသွင်းခွင့်ပိုမိုရရှိ

အချိန်ပိုတွင် နှစ်ဖက်အသင်းသည် ဂိုးသွင်းခွင့်များ ပိုမိုရရှိခဲ့ကြသည်။ ချယ်လ်ဆီးမှ လမ်းပတ်ကန်သွင်းသောဘောလုံးလည်း ဂိုးတန်းပေါ်မှ ကျော်သွားခဲ့သည်။

ချယ်လ်ဆီးမှ ဒါမီယင်ဒတ်ဖ်၏ ဘောလုံး ထိန်းသိမ်းမှုကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ခေါင်းတိုက်သွင်း

ချယ်လ်ဆီးအတွက် ဒုတိယမြောက်ဂိုးကို ဒါမီယင်ဒတ်ဖ် ဖြတ်ပို့သော ဘောလုံးကို ဒရော့ဘာက ခေါင်းတိုက်သွင်းသွားခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် တတိယမြောက်ဂိုးကို ဒုတိယဂိုးသွင်းပြီး ငါးမိနစ်အကြာတွင် လူစားဝင်လာသူ ကက်ဇ်မန်းက ပွဲသိမ်းအနိုင်ဂိုး သွင်းပေးလိုက်ခြင်းဖြင့် ချယ်လ်ဆီးတို့ ကားလင်းငွေဖလားကြီးကို ပိုင်ဆိုင်ခွင့်ရရှိသွားသည်။

အဆိုပါ ဖလားသည် ချယ်လ်ဆီးအသင်းတွက် ပေါ်တူဂီနည်းပြ မော်ရင်ဟို လက်ထက် ယခုနှစ်ဘောလုံးရာသီတွင် ပထမဆုံးသော ဖလားဖြစ်သည်။

အလွန်နီးစပ်

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် တန်းစီဇယားတွင်လည်း ထိပ်ဆုံးမှ ခြောက်မှတ်အသာဖြင့် ဦးဆောင်လျက်ရှိသော အသင်းဖြစ်သည်။ ချယ်လ်ဆီးတို့၏ ဖလားနှစ်လုံးရရှိရေး ရည်မှန်းချက်အနက်တစ်ခုမှာ အောင်မြင်သွားပြီဖြစ်၍ ဒုတိယမြောက်ဖလား ပရီမီယာလိဂ်ရရှိရေးမှာလည်း နီးစပ်လျက်ရှိသည်။ **(အင်တာနက်)**

ဖေဖော်ဝါရီ ၂၇ရက်က မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် တရုတ်အမျိုးသား လူငယ်အသင်းတို့ ပူးပေါင်းကျင်းပသည့် ပဉ္စမအကြိမ် (ချွန်းကျက်) အလွတ်တန်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားအပြီးတွင် မြန်မာပြည် တရုတ်အမျိုးသားအသင်း နာယက ဦးစံလင်း၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် အောင်နိုင်ဆုရရှိသည့် အားကစားမောင်မယ်များနှင့်အတူ ဆုယူအပြီးတွေ့ရစဉ်။
(က-ပ)

ရဲတပ်သားသစ် သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၁၉၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၅ရက် နံနက် ၇ နာရီခွဲက အမှတ်(၂) ရဲလေ့ကျင့်ရေး သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင် တက်ရောက် အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီး ဝင်းခိုင်နှင့် ဦးစီးအရာရှိများ၊ နည်းပြများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများ၊ ဝက်ထီးကန်ရှိ လူမှုရေး အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များတက်ရောက်ကြသည်။

စံပြကျောင်းသားဆုကို ကသ-၂၁၉ ကျော်သန်းဝင်း၊ ဥပဒေထူးချွန်ဆုကို ကသ-၁၈၇ ပြည့်ဖြိုးခိုင်၊ စစ်ပညာထူးချွန်ဆုကို ကသ-၁၁၂ မောင်မောင်မြင့်၊ ရဲကျင့်ဝတ်ထူးချွန်ဆုကို ကသ-၁၄ ရန်လင်းခိုင်၊ သေနတ်ပစ်ထူးချွန်ဆုကို ကသ-၁၇၃ အောင်ဇော်မင်းတို့မှ ရရှိခဲ့ကြပြီး ဆုများကို စီမံရေးနှင့်လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်က ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်သင်္ဘောကျင်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီးဟံစိန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့်သန်လျင်တပ်နယ်တို့မှ အရာရှိ/စစ်သည်များ၊ မိသားစုများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်အားပေးကြသည်။ ပြိုင်ပွဲတွင် အသင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို မတ်၇ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့တော် သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

1-3 (13).p65 1 3/26/05, 11:32 AM

တိပိဋကဓရဆရာတော် ဓမ္မခရီးစဉ်လှည့်လည်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၁၆/၂ရပ်ကွက် စွန်းလွန်းဂူဝိပဿနာ ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် အရှင်သုန္ဒရ (တိပိဋကဓရ တိပိဋကကောဝိဒ)သည် မတ်၂ရက်နှင့် ၃ရက်တွင် မုဒုံမြို့၌လည်းကောင်း၊ မတ်၆ရက်တွင် တောင်ကြီးမြို့နေ မွေးနေ့အလှူရှင် ဦးလှမောင်၏ စတုပစ္စယ အလှူတော်ပွဲ၌လည်းကောင်း၊ မတ်၇ရက်တွင် ဦးဖိုးပိန်–ဒေါ်မြလေး မိသားစု လက်ခုပ်ကုန်း၏ ပိဋကသုံးပုံ အလှူတော်မင်္ဂလာ၌ လည်းကောင်း၊ မတ် ၈ရက်တွင် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း မလွန်ဆန်လှူ တရားပွဲ၌လည်းကောင်း၊ မတ် ၉ရက်တွင် ဇလွန်မြို့ ပြည်တော်ပြန်ဘုရားပွဲတော်၌လည်းကောင်း တရားဓမ္မဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ယဉ်ကျေးမှုရေးရာသိမှတ်စရာ ယဉ်ကျေးမှုမဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ယဉ်ကျေးမှုရေးရာသိမှတ်စရာ ကဏ္ဍများစုံလင်စွာပါရှိသည့် ၂၀၀၄ခုနှစ် ဒီဇင်ဘာလထုတ် ယဉ်ကျေးမှုမဂ္ဂဇင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြန့်ချိထားသည်။

ယဉ်ကျေးမှုမဂ္ဂဇင်းသည် မြန်မာတစ်မျိုးသားလုံးနှင့်သက်ဆိုင်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်များစွာကို သုတ၊ ရသစုံလင်စွာဖြင့် တစုတစေးတည်း လေ့လာဖတ်ရှုနိုင်မည့် စာကောင်းပေမွန် စာအုပ်တစ်အုပ်ဖြစ်သည်။ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်း အမှတ်(၅၂၃/၅၃၁)ရှိ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၁၃၁)ရှိ အနုပညာဦးစီးဌာန၊ လှိုင်မြို့နယ် ပြည်လမ်း(၆)မိုင်ခွဲ အမှတ်(၃၂/ဒီ)ရှိ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ဒဂုံမြို့နယ် ပြည်လမ်း အမှတ်(၆၆/၇၄)ရှိ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက် အောင်ဇေယျလမ်းရှိ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ ရွှေစာရံဘုရားလမ်းရှိ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) တို့၌ ဝယ်ယူဖတ်ရှုနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ဖွံ့ဖြိုးရေးလမ်း မြို့သစ်မြို့တွင်ဖောက်လုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မကွေးတိုင်း မြို့သစ်မြို့တွင် မြို့သစ်မြို့နှင့်ဝါးကြီးအိုင့်ရွာကြီး ဆက်သွယ်သည့် ၁၇မိုင်ခန့်အရှည် မြေသားလမ်းကို မြို့သစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၃၀၀၀ကျော်ခန့်က ပူးပေါင်းဖောက်လုပ်လျက်ရှိရာ ပေ ၁၅၅၀၀ခန့်ဖောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ ကျန်အပိုင်းများကိုလည်း ဆက်လက်ဖောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(က–ပ)**

အသိမဲ့ပုံရိပ် ပန်းချီပြပွဲပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပန်းချီဆရာ ကိုဇက်၏ Unconscious Image (အသိမဲ့ပုံရိပ်)ပန်းချီပြပွဲကို ပန်းဆိုးတန်းရှိ လောကနတ် ပန်းချီပြခန်းတွင် မတ် ၃ရက်မှ ၉ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။ ပန်းချီဆရာ၏ခံစားမှုနှင့် အတွေးအာရုံများကို ပုံရိပ်ပန်းချီကားများအဖြစ် ဖန်တီးတည်ဆောက်ထားသော အခရိုက်လစ်ပန်းချီကား ၁၂ကားနှင့် သံပန်းချီ သုံးကားကိုပြသထားရာ မည်သူမဆို ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **(က–ပ)**

သံဃာတော်များနှင့်သက်ကြီးများအား ရန်ကုန်ရောက် နွားထိုးကြီးမြို့နယ် မိသားစုများ၏ ပထမအကြိမ် ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က သံယုတ်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်သူ မြို့နယ်သားများက သံဃာတော်များနှင့်သက်ကြီးများအား စုပေါင်းကန်တော့ကြစဉ်။ (က–ပ)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြိတ်မြို့၊ ဆိပ်ငယ်ရပ်၊ အမှတ်(၁)၊ သမ္ဗတရုံလမ်းနေ ဦးစောလှိုင်–ဒေါ်ကျင်နုတို့၏သား

ဒေါက်တာမျိုးချစ် M.B.,B.S (Ygn)

နှင့်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းလမ်း၊ ယုဇနကွန်ဒို၊ တိုက်အမှတ် ၆၇(စီ)၊ အခန်း(ဒီ–၂)နေ ဦးသန်းစိုး(ဒုတိယညွှန်ကြားရေးမှူး၊ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ပြည်တွင်းအခွန်များဦးစီးဌာန)–ဒေါ်ခင်မူတို့၏သမီး

မမေသွယ်စိုး B.A (Hons;) English

Dip in ELTM, D.B.S (LCCI) (Class Teacher, I.L.B.C)

တို့သည် ၂၈–၂–၂၀၀၅ရက် (တနင်္လာနေ့)တွင် Traders Hotel ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာမျိုးချစ်–မမေသွယ်စိုး။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၀၅ခုနှစ် မတ် ၂ရက်(ဗုဒ္ဓဟူးနေ့)သည် တောင်သူလယ်သမားနေ့ဖြစ်ပြီး အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်။**

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ရန်ကုန်မြို့၊ တိုက် ၂၁၅၊ (၁၂လုံးတန်း)၊ အခန်း ၂၂၊ အရှေ့ရန်ကင်းနေ ကျွန်တော် ဦးဘိုလေး ၁၂/ရကန(နိုင်)၀၁၈၀၃၅ နှင့် ဒေါ်နီနီအောင် ၉/မရမ(နိုင်)၀၀၃၉၀၃တို့သည် ၂၂–၂–၂၀၀၅ရက်တွင် တာမွေမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်တော်နှင့် မည်သို့မျှ မသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းနိုင်ပါသည်)။**

ဦးဘိုလေး ၁၂/ရကန(နိုင်)၀၁၈၀၃၅။

ဖေဖော်ဝါရီ ၁၉ရက်က အမက(၂၃)ဒဂုံမြို့သစ်(မြောက်ပိုင်း) ပညာရည်ချွန်ဆုနှင့် ဘက်စုံ ထူးချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုနှင့် ဘက်စုံ ပထမဆု ရရှိသော မောင်အော်လီဗာအား ကျောင်းအုပ်ဆရာကြီး ဦးမြအောင်က ဆုချီးမြှင့်စဉ်။ (၁၉၂)

ကရဝိက်ဥယျာဉ် ကန်တော်ကြီးသဘာဝပန်းဥယျာဉ်

(Recreation Zone)

၂–၃–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

– အများပြည်သူတွေ ရုံးပိတ်ရက်မှာ မြန်မာ့ရိုးရာရုပ်သေးပွဲကို ကြည့်ရှုခံစားရင်း အပန်းဖြေနားနေကြရအောင်.....................

ရုပ်သေးပြပွဲ ညနေ ၆း၀၀နာရီတွင် စတင်ပါမည်။

အမှတ်တရပစ္စည်း အရောင်းဆိုင်များနှင့်စားသောက်ဆိုင်များကို

နံနက် ၈း၀၀ နာရီမှ ည ၁၀း၀၀ နာရီအထိ ဖွင့်လှစ်ထားပါသည်။



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သမိုင်း ဘာသာ သင်ခန်းစာများကို ဆက်လက် ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သမိုင်းဘာသာ သိကောင်းစရာ

၂၀၀၅ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် သမိုင်းဘာသာသိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းတွင် နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကို ကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့ လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကို လေ့လာတဲ့အခါ ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ် အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လဲ ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိရှိဖို့လိုအပ်ပါတယ်။ သမိုင်းဘာသာရပ်တွင် ခုနှစ် သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ် သက္ကရာဇ်တွေကို သိရှိရပါမယ်။

၁၉၂၀မှ ၁၉၃၀ ကာလတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီးဖြစ်တယ်။

မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းတွင် "တို့ဗမာအစည်းအရုံး"၏ အခန်းကဏ္ဍမှာလဲ အရေးပါတယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကို လက်နက်စွဲကိုင် တော်လှန်ခဲ့ခြင်းဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ပြည့် ခရစ်နှစ် ၁၉၃၈ဟာ ထူးခြားတဲ့နှစ် ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ပြည့် အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့် အရေးတော်ပုံ ဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။

မြန်မာ့သမိုင်းတွင် ၁၉၄၀-၁၉၄၅အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး(၁၉၄၂-၁၉၄၅)ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန် တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့အခြေအနေများ၊ အခြေခံသဘောတားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုပါတယ်။

အင်္ဂလိပ်ခေတ်နဲ့ဂျပန်ခေတ်တွေရဲ့ ယေဘုယျအခြေအနေကို လေ့လာတဲ့အခါ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဟူ၍ အပိုင်းလိုက်သိရှိရန် လိုအပ်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာတွင် ၁၉၄၈-၁၉၅၈ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများ ပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို ဦးစားပေးလေ့လာရမှာ ဖြစ်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရ ပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အောင်မြင်မှုတွေကို ဦးစားပေး လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂အထိကာလဟာ ပြည်ထောင်စု (ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့် အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို အလေးထား လေ့လာသင့်တယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစ အစိုးရများလက်ထက် ယေဘုယျ အခြေအနေတွေကို ထည့်သွင်းထားပါတယ်။ ယေဘုယျ အခြေအနေတွေမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတွေကို ဦးစားပေး လေ့လာသင့်တယ်။

မြန်မာ့သမိုင်းသင်ရိုးကို မျက်မှောက်ကာလအထိ ရေးဆွဲထားတဲ့အတွက် ၁၉၈၈မှ ယနေ့အထိ ကာလကိုလဲ လေ့လာဖို့လိုပါတယ်။ ဒီအပိုင်းမှာလဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရဟူ၍ နှစ်ပိုင်းခွဲ၍ လေ့လာသင့်တယ်။ ဒီလို လေ့လာရာမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေကို လေ့လာသင့်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ ဖြစ်ပွားရတဲ့ အကြောင်းရင်းမှာလဲ အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေး ညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့ လိုပါမယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းပုံဆိုပြီး ပိုင်းခြားလေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ် ရုရှားနိုင်ငံပေါ်ပေါက်လာခြင်း ဖြစ်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်ပါတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေး ပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့ဘူး၊ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနှင့် စစ်ဝါဒကို အခြေခံတဲ့ အရင်းရှင်စနစ်၏ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်စစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာ ပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

အီတလီ၊ ဂျာမနီနဲ့ ဂျပန်နိုင်ငံတွေမှာ ဖက်ဆစ်စနစ် အားကောင်းလာခြင်းဟာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစေဖို့ အခြေအနေများ ဖန်တီးလာစေတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့ လိုပါတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန် ပြည်ထောင်စု ထိပ်သီးအင်အားကြီး နိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက် ထိပ်သီး အင်အားကြီး နိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ် ကျယ်ပြန့်လာတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက အရှေ့ဥရောပနိုင်ငံများဖြစ်ကြတဲ့ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ ရူမေးနီးယားစတဲ့ နိုင်ငံတွေဟာ နာဇီဂျာမနီရဲ့ လက်အောက်ခံအဖြစ် ကျရောက်ခဲ့တယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့ သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်အပြီးကာလတွင် ပေါ်ပေါက်လာခဲ့တဲ့ စစ်အေးဟာ ထူးခြားတဲ့သမိုင်းဖြစ်စဉ် တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်း လေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်အပြီးကာလတွင် အမေရိကန်နိုင်ငံဟာ အနောက်ဥရောပ နိုင်ငံများကို စီးပွားရေးနှင့် စစ်ရေးအကူအညီများပေးပြီး ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ အနောက်ဥရောပနိုင်ငံများအနေနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့များကိုလဲ ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။
တစ်ဖက်မှာလဲ ဆိုဗီယက်ဦးဆောင်တဲ့ ကွန်မြူနစ်အုပ်စု ပေါ်ပေါက်လာတယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စစ်ရေးအရလဲ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့-

၁။ မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(NATO)

၂။ အန်ဇတ်(ANZUS)

၃။ အရှေ့တောင်အာရှ စာချုပ်အဖွဲ့(SEATO)

၄။ ဗဟိုစာချုပ်အဖွဲ့

များ ဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလဲ အားကျမခံ ဝါဆော စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများ အပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာ လက်နက်များ အပြိုင်အဆိုင် တပ်ဆင်လာကြတယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာတွင် အာဆီယံ (အရှေ့တောင် အာရှနိုင်ငံများအသင်း)ဟာ အရေးပါတဲ့အတွက် ဦးစားပေး လေ့လာသင့်တယ်။ အာဆီယံအသင်းနှင့် ပတ်သက်ပြီး ပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်တို့ကို အလေးထားလေ့လာရမှာဖြစ်တယ်။

စစ်အေးကာလတွင် နိုင်ငံတကာအရေးအခင်းများလဲ ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာ အရေးအခင်းတွေကတော့-

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု

၂။ ကိုရီးယားစစ်

၃။ စူးအက်အရေးအခင်း

၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။

နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံ အပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်း ခေါင်းစဉ်တွေဟာလဲ နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ ခေါင်းစဉ်များဖြစ်တဲ့အတွက် ဦးစားပေး လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြောင်းကိုလဲ လေ့လာရမှာဖြစ်တယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြောင်းကိုလေ့လာရာမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ နိုင်ငံခြားဆက်ဆံရေးဟူ၍ ခွဲခြားလေ့လာသင့်တယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

မော်ဘီမြို့နယ် မြို့ပြသာယာလှပရေးနှင့် ကျေးလက်လမ်းဖောက်လုပ်မှု နယ်စပ်စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

မော်ဘီ ဖေဖော်ဝါရီ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ၂၅ရက်နံနက်က မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့ပြသာယာလှပရေးနှင့် ကျေးလက်လမ်း ဖောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအားစစ်ဆေးပြီး ပြည်သူများ အပန်းဖြေနိုင်ရေးအတွက် ပန်းခြံအား အဆင့်မြှင့်တင် ဆောင်ရွက်ရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့က မော်ဘီမြို့နယ်အတွင်း ဖောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း တိုးချဲ့ဖောက်လုပ်မည့် အင်းကန်၊ ဝါးနက်ချောင်းမှ ကြာအင်း(အရှေ့)နှင့် ညောင်နှစ်ပင်သို့ ဆက်သွယ်သည့် လမ်းမကြီးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဝါးနက်ချောင်းကျေးရွာလမ်းဆုံမှ ကြာအင်း(အနောက်) ကျေးရွာနှင့် အမှတ်(၃) လမ်းမကြီးသို့ ဆက်သည့်လမ်းကို စက်ယန္တရားများဖြင့် ဆက်သွယ်ဖောက်လုပ်နေသော လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးက မြေပုံကားချပ်များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ၎င်းလမ်းအား မိုးမကျမီ အပြီးဖောက်လုပ်ရန် မှာကြားပြီး လျာထားသည့် လမ်းအူကြောင်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်း ပြီးစီးပါက မော်ဘီမြို့နယ် အနောက်ခြမ်းရှိ ဝါးနက်ချောင်းနှင့် အခြားကျေးရွာအုပ်စုများနှင့် ညောင်နှစ်ပင်ဒေသ စိုက်ပျိုးရေး၊ မွေးမြူရေးအထူးဇုန်သို့ ဆက်စပ်သွားလာနိုင်ပြီး ၎င်းမှတစ်ဆင့် အမှတ်(၃)လမ်းမကြီးသို့ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(နယ်စပ်/စည်ပင်)**

ကိုယ့်အားကိုယ်ကိုး သောက်ရေကန်တူးဖော်

မြိုင် ဖေဖော်ဝါရီ ၁၅

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် အိုရင်းကျေးရွာအုပ်စု ဇီးတောကျေးရွာ သောက်ရေကန်အား ကန်တက်၊ ကန်ဆင့်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၃၀ရက် နံနက် ၈နာရီခွဲက ရွာမြောက်ဘက် ပေ ၃၀၀အကွာ၌ ဖောက်လုပ်လျက်ရှိရာ**(ယာပုံ)** အဆိုပါ သောက်ရေကန်၏ ပြုပြင်မှုအတွက် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီး မြောက်တိုက် အထက်မြန်မာပြည်ဆရာတော် ဘဒ္ဒန္တတေဇောသာရက အလှူငွေခြောက်သိန်း ဦးဆောင်မတည်၍ ဇီးတောရွာ မြသီတာတိုက်ကျောင်းဆရာတော်ဦးသုန္ဒရနှင့် ကျေးရွာနေ ပြည်သူများက ထည့်ဝင်လှူဒါန်း ငွေကျပ် ၁၀သိန်းကျော် စုစုပေါင်း ငွေကျပ် ၁၆သိန်းကျော်ဖြင့် အကုန်အကျခံ ဆောင်ရွက်ကြသည်။ ယင်းသောက်ရေကန်မှာ အလျား ပေ ၂၂၅၀၊ အနံ ၁၅ပေ၊ အမြင့်ပေ ၂၀ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်တွင်းကြီးမြို့နယ်တွင် ကျေးရွာအလှူရှင် စက်ရေတွင်းဖွင့်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၀

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် အလှူရှင် ဦးထွန်းကြိုင်-ဒေါ်ခင်နုတို့က လှူဒါန်းသည့် ကျောက်ကာကျေးရွာ အလှူရှင် စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက်က အဆိုပါစက်ရေတွင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် စက်ရေတွင်းကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် ကျောက်ကာ ကျေးရွာဥက္ကဋ္ဌ ဦးဟုန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ဝဲပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါစက်ရေတွင်းအား အလှူရှင်က ငွေကျပ်၅၀၀၀၀၀နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၃၀၀၀၀၀ စုစုပေါင်းကုန်ကျငွေကျပ် ၈၀၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

လက်ပံတန်းမြို့နယ် ခမုံဆိပ်ကျေးရွာအုပ်စု လှည်းလမ်းဆိပ်ကျေးရွာ ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၉ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းရီ၊ ကျေးရွာဥက္ကဋ္ဌ ဦးလှငွေနှင့် စာကြည့်တိုက်ကော်မတီ အတွင်းရေးမှူး ဦးဝင်းခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကညွတ်ကွင်း-မိဿလင်လမ်း ကျောက်ချောခင်း၊ တံတားများပြုပြင်

ဖြူး ဖေဖော်ဝါရီ ၁၉

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကညွတ်ကွင်း-မိဿလင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် လမ်းပေါ်ရှိ တံတားများ ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းခွင်သို့ ဖေဖော်ဝါရီ ၁၆ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှရွှေတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ကညွတ်ကွင်း-မိဿလင်လမ်းမှာ အရှည်၁၂မိုင်ရှိ၍ ကျောက်ချောလမ်းခင်းရန် ကျန်ရှိသည့် ၈ ဒသမ ၅ မိုင်အား နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ၄မိုင် ဆောင်ရွက်ခဲ့ပြီး၊ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ၄ဒသမ ၅မိုင်အား ဆက်လက်ဆောင်ရွက်လျက်ရှိရာ လမ်းပေါ်ရှိ တံတားရှစ်စင်းအနက် လေးစင်းအား နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ပြုပြင်ဆောင်ရွက်ကြသည်။

ပြုပြင်ဆောင်ရွက်

အဆိုပါ ကျေးလက်နေ ပြည်သူများ အဆင်ပြေစေရန်အတွက် ကိုယ့်အားကိုယ်ကိုး တံတားလေးစင်းကို ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာမျက်နှာ (၁၅) မှ အဆက်

အလားတူပဲ အာရှနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလဲ အလေးထား လေ့လာသင့်တယ်။ လေ့လာတဲ့အခါမှာ ၁၉၄၅ မှ ၁၉၅၂အထိ အသိမ်းပိုက်ခံ ကာလအနေအထားနဲ့ ခေတ်ပြိုင် ဂျပန်နိုင်ငံအနေအထားတွေကို နှိုင်းယှဉ် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာတွင် အရှေ့တောင်အာရှဒေသကိုလဲ လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသနဲ့ပတ်သက်ပြီး လေ့လာမယ်ဆိုရင် နိုင်ငံသစ်များ ပေါ်ပေါက်လာခြင်းနှင့် အရှေ့တောင်အာရှနိုင်ငံများရဲ့ နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုဟူ၍ ခွဲခြားလေ့လာရမှာဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာတွင် အာဆီယံ(အရှေ့တောင် အာရှနိုင်ငံများအသင်း)ဟာ အရေးပါတဲ့အတွက် ဦးစားပေးလေ့လာသင့်တယ်။ အာဆီယံအသင်းနှင့် ပတ်သက်ပြီး ပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်တို့ကို အလေးထားလေ့လာရမှာဖြစ်တယ်။

နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့-

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ်ဆက်စပ်မှုကို သတိထားရန်

၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်

၃။ ပြဋ္ဌာန်းစာအုပ်ကို အလေးပေးလေ့လာရန်

၄။ မေးခွန်းကို သေသေချာချာဖတ်ရန်

၅။ မေးသည်ကိုသာ ဖြေဆိုရန်

ဖြစ်ကြောင်းတင်ပြရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

ပဲခူးတိုင်း ရွှေကျင်မြို့နယ် အနောက်ဘက် ဝဲကြီး ကျေးရွာ ချင်းဆက် ဂဝံလမ်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးထွေးမြင့်နှင့် အမှုဆောင် အရာရှိ ဦးထွန်းထွန်းဦးတို့က ဖဲကြိုး ဖြတ် ဖွင့်လှစ် ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ အမှတ် ၂၀၂(စီ-၁)နေ
ဦးဂေါ်အင်းဟု-ဒေါ်ယိုဆောက်တီတို့၏ စတုတ္ထသား

ဒေါက်တာတင်ဝင်း

M.B.,B.S (MDY)

နှင့်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ အမှတ် ၅၇ (B) သုံးလွှာနေ
ဦးမောင်မောင်လွင်-ဒေါ်စန်းစန်းရီတို့၏
တစ်ဦးတည်းသောသမီး

ဒေါက်တာအေးအေးသွယ်

M.B.,B.S (YGN)

တို့သည် ၂၄-၂-၂၀၀၅ ရက်(ကြာသပတေးနေ့)တွင် နှစ်ဖက်သောမိဘများ၏ ခွင့်ပြုချက်အရ ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် တရားရုံး ဒုတိယမြို့နယ်တရားသူကြီး ဒေါ်နီလာဝင်း ရှေ့မှောက်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

ဒေါက်တာတင်ဝင်း-ဒေါက်တာအေးအေးသွယ်။

EAC Food Group

စီးပွားဖြစ် ပျော်ရည် နှင့် ယိုသင်တန်း

EAC - ... 01-690264, 662129

Zaw Win & Associates
Z & A Car Renter

နန်းဇေထွဏ်း(မသူရ)
မွေးနေ့မင်္ဂလာ ဆုမွန်လွှာ

သူရ"ဆိုး"၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် ဘဝသက်ဆုံးတိုင် ဝါသနာပါရာ (ပန်းပု)အနုပညာဖြင့် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာခြင်း၊ ပြီးပြည့်စုံ ဂုဏ်သိက္ခာမြင့်မားခြင်း၊ အောင်မြင်လွှမ်းမိုးပျော်ရွှင်ချမ်းမြေ့ခြင်း၊ သာသနာ အကျိုးဆက်လက် သယ်ပိုးသွားနိုင်ခြင်းတို့ကို ရရှိပိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ဆရာ - **မင်းမြတ်ခေါင်၊ မိလုကွန်ချမ်း (လဂွန်းမျည်း) ပန်းချီ၊ ပန်းပု အနုပညာလုပ်ငန်းစု၊ မူဆယ်မြို့။**

သူငယ်ချင်းများ - **မေစိုး၊ မီးငယ်၊ ဝတ်ရည်၊ အေးသိမ်းချို၊ ချိုမာ၊ ချိုလေး၊ ရင်ရင်၊ လှလှ၊ စိုးစိုး၊ ဝါဝါ၊ ပေါက်ပေါက်၊ ပပ၊ နန်းနန်း၊ သီတာ၊ ဥမ္မာ၊ စန္ဒာ၊ (Bishop Home) ရန်ကုန်မြို့။**

Daw Khin Thawda Aung
English Grammar & Speaking
These Summer Courses will definitely enhance your improvement in English.
Special Guide for IELTS, TOEFL, GCE, SAT
No.41, Kyar Kwet Thit Street, Kyauk Myaung,
Tamwe Township, Ph : 556871

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ယင်းသို့ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် ၂၀၀၄ခုနှစ်၊ ဧပြီနှင့် မေလတို့တွင် ကျင်းပခဲ့သော ရန်ကုန်အဝေးသင်တက္ကသိုလ်(ဘွဲ့)စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ဒဂုံ၊ ရန်ကုန်အရှေ့ပိုင်း၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေ၊ ပြည်၊ ထားဝယ်၊ တောင်ငူ၊ဟင်္သာတ၊ ပဲခူး၊ ဘားအံ၊ မြိတ်ဌာနခွဲများမှ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်း သဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို နှစ်လက်မ X တစ်လက်မခွဲအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်နှစ်ပုံနှင့် မှတ်ပုံတင်မိတ္တူတို့ကိုပူးတွဲ၍ ၃၁-၅-၂၀၀၅ရက်နေ့ နောက်ဆုံးထား လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက် ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေးကျပ်၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ) အဝေးရောက်ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေးကျပ်၁၀၀၀(ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် ဌာနခွဲများတွင် အခမဲ့ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်ပြီး အဝေးသင်တက္ကသိုလ်သို့ ပေးသွင်းရန် ကျန်ရှိသော အခကြေးငွေများ ပြေလည်အောင်ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် ဌာနခွဲတွင် ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာ ဌာနခွဲသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖခင်အမည်၊ခုံအမှတ်၊ အထူးပြုဘာသာစသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်သော်လည်း မိမိတို့နှင့် သက်ဆိုင်ရာ ဌာနခွဲမှတစ်ဆင့် စိစစ်ခြင်းမပြုလျှင်သော်လည်းကောင်း၊ ကျသင့်ငွေပေးသွင်းခြင်း မပြုလျှင်သော်လည်းကောင်း၊ အချိန်မီပေးပို့ခြင်းမပြုလျှင်သော်လည်းကောင်း၊ အခကြေး ငွေများပေးသွင်းရန် ကျန်ရှိနေသေးလျှင်သော်လည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည် မဟုတ်ပါ။

၈။ ၂၀၀၃-၂၀၀၄ပညာသင်နှစ်မတိုင်မီက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့ အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးမည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

တင်တင်ဝင်း
မော်ကွန်းထိန်း
စာမေးပွဲနှင့် ဘွဲ့နှင်းဌာနရန်ကုန်အဝေးသင်တက္ကသိုလ်။

တာဝန်သိ မီးရထားဝန်ထမ်းတစ်ဦး၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရထားစီးခရီးသည်များ၏အသက်အန္တရာယ်ကို ကာကွယ်နိုင်ခြင်းနှင့် နိုင်ငံတော်ပိုင်ပစ္စည်းဆုံးရှုံးခြင်းမှကာကွယ်နိုင်ခဲ့သဖြင့် တာဝန်သိဝန်ထမ်း ဂိတ်တံခါးစောင့် ဦးအောင်ကျော်ထွန်းအား ဖေဖော်ဝါရီ၁၈ရက်က မြန်မာ့မီးရထား အထွေထွေမန်နေဂျာ(မြို့ပြ)က ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(က-ပ)

တီးတိန်မြို့ ထင်းရှူးမြိုင်ကတ္တရာလမ်းဖွင့်

တီးတိန် ဖေဖော်ဝါရီ ၁၅

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ် တီးတိန်မြို့၌ ထင်းရှူးမြိုင်ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ၁၁ရက်က ကျင်းပသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်ညိုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးတို့က ကတ္တရာလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါကတ္တရာလမ်းသည် နိုင်ငံတော်မှ ထောက်ပံ့ငွေ ၃၁ဒသမ၅သိန်းဖြင့် ၂၀၀၄-၂၀၀၅ခုဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်သော ထင်းရှူးမြိုင်ရိပ်သာအထက်လမ်း အရှည် ပေ ၁၉၅၀၊ အကျယ်၁၀ပေရှိ မြို့တွင်းကတ္တရာလမ်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

သက်ကြီးရွယ်အိုများအား အဝတ်အထည်များပေးအပ်လှူဒါန်း

ကျောင်းကုန်း ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့နေ ဦးဝမ်ရှိန် ဒေါ်ကျင်မှုံတို့၏သားသမီး၊ မြေးမြစ်မိသားစုများမှ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ၁၂ရက် ၁နာရီက ကျောင်းကုန်းမြို့ အမှတ်(၁) ရပ်ကွက်မိုးကောင်းဘုရား တန်ဆောင်းတော်တွင်ကျင်းပရာအမှတ် (၁)၊ (၂)၊ (၃)ရပ်ကွက်၊ သစ်ဆိမ်ကုန်း အိုးဘိုကျေးရွာတို့မှ ချို့တဲ့သက်ကြီး ရွယ်အိုများအား စောင်နှင့် အဝတ်အထည်ကို ပေးအပ်လှူဒါန်းသည့်အပြင် မြို့နယ်ပြည်သူ့ဆေးရုံတွင်မီးအားမြှင့်စက်ဝယ်ရန် ကျပ်နှစ်သိန်း၊ အမှတ်(၁) အခြေခံအထက်တန်းကျောင်းပညာရေး ပဒေသာပင် ကျပ်နှစ်သိန်းကို လှူဒါန်းသည်။

ဆက်လက်၍ အမှတ်(၁)ရပ်ကွက် မဟာဝိသုတာရာမကျောင်းတိုက်(ဥယျာဉ်ကြီးကျောင်း)ရှိ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စမဟာ သဒ္ဓမ္မဇောတိကဓဇထံ ပညာရေးပဒေသာပင်အတွက် ကျပ်တစ်သိန်း၊ **(အပေါ်ပုံ)** ကျောင်းစိမ်းဝတ်စုံအစုံ၁၆၀ကို အလှူရှင် ဦးဝမ်ရှိန်-ဒေါ်ကျင်မှုံတို့၏ သားသမီး၊မြေးမြစ်မိသားစုများကဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ညောင်သာယာကျေးရွာမျိုးဆက်သစ်အားမာန်စာကြည့်တိုက်အတွက်သုတ၊ရသစာအုပ်မျိုးစုံ အုပ် ၁၅၀ လှူဒါန်းကြောင်းသိရသည်။ **(၁၆၅)**

မီးဘေးကြိုတင်ကာကွယ်ရေး မော်ကျွန်း၌သရုပ်ပြလေ့ကျင့်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၇

မော်လမြိုင်ကျွန်းမြို့ အမှတ်(၁၆) ဖွဲ့နှဆီစက်နှင့်အမှတ်(၅၁၁)တန်တစ်ရာဆန်စက်တို့တွင်မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေး ပစ္စည်းများထားရှိမှု အခြေအနေနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ၂နာရီက ဖွဲ့နှဆီစက်နှင့် တန်တစ်ရာ ဆန်စက်တို့တွင် ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူးဦးသန်းစိုးနှင့် အဖွဲ့က စက်ရုံများတွင်မီးငြိမ်းသတ်ရေး ပစ္စည်းများအသင့်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးသန်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖွဲ့နှဆီစက် စက်ရုံမှူး ဦးဝင်းသိန်းနှင့် ဝန်ထမ်းများ၊ တန်တစ်ရာ စက်ရုံမှူး ဦးအောင်မျိုးနှင့် ဝန်ထမ်းများက မီးငြိမ်းသတ်ရေး လက်တွေ့သရုပ် ပြ လေ့ကျင့်မှုကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(၀၉၇)**

ကျေးလက်နေပြည်သူများအတွက် ကျေးလက်အိမ်ရာစီမံကိန်းကို ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ၃၀ရက်က အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ဖအောင်းကျေးရွာရှိ ဦးမြဝင်း နေအိမ်ဆောက်လုပ်ခြင်းကို ကွင်းဆင်းကြည့်ရှုကြစဉ်။
(က-ပ)

ချောက်မြို့နယ် သလုံးသွေးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးသစ်နှင့် စာပေရင်ခွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၀ ရက်ကကျင်းပရာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က စာကြည့်တိုက်တွင်အသုံးပြုရန် အလှူငွေပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌ ဦးနိုင်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက်မြို့နယ် ခုနစ်ရွာကျေးရွာနေ ဦးသိန်းကြွယ်၏ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို ဖေဖော်ဝါရီ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမျိုးအောင် ကွင်းဆင်း ကြည့်ရှုစဉ်။
(မြို့နယ်စည်ပင်)

သမိုင်းဝင်မဟာရွှေမြင်တင်စေတီ ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း တက်ရောက်ကြည်ညို ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ စေတီတော်အထွတ်သို့တင်လှူပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော် ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါစေတီတော်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

တက်ရောက်ကြည်ညို

ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပြင်ဦးလွင်မြို့ ပုညကာရီ ခဲလယ်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမနနှင့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်နှင့်မြို့နယ်မှဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အမွှေးနံ့သာရည်များပက်ဖျန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်အထွတ်တွင် တင်လှူမည့် ရွှေထီးတော် ဘုံအဆင့်ဆင့်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။ (သတင်းစဉ်)

ဖူးမြော်ကြည်ညို

ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား မကျင်းပမီ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် မဟာ ရွှေမြင်တင်စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် စေတီတော်ရင်ပြင်ရှိမဏ္ဍပ်၌ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို စတင်ကျင်းပရာ မန္တလေးတိုင်း သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော် အထွတ်တွင်တင်လှူမည့် ရွှေထီးတော် ဘုံအဆင့်ဆင့်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆေးကုသမှုခံယူလျက်ရှိသော ညီလာခံကိုယ်စားလှယ်များအား အားပေးစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မင်္ဂလာဒုံသို့သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား ကြည့်ရှုအားပေးစကားပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ စားသောက်ဖွယ်ရာအာဟာရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မင်္ဂလာဒုံသို့ရောက်ရှိလာရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး

စာမျက်နှာ ၆ ကော်လံ ၁ ❐